မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဝိရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝိရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝိရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၉၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား

ယနေ့ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် မင်္ဂလာအခါသမယ၌ တိုင်းရင်းသားပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပိုင်နက်နယ်မြေ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြာနန်းဖြင့် လွတ်လပ်သည့် နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်ခဲ့ပါသည်။ ကိုယ်ပိုင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းတို့ကို တင့်တယ်စွာ ပိုင်ဆိုင်ခဲ့ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးတို့သည် တစ်အူထုံ့ဆင်း သွေးသားရင်းပမာ ချစ်ကြည်လေးစားကြလျက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ အေးအတူ ပူအမျှ၊ ဥမက္ခဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြပါသည်။

ဤသို့ နေထိုင်ခဲ့ကြရာမှ ကိုလိုနီနယ်ချဲ့သမားများက သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁۹၈၅ ခုနှစ်တို့တွင် မတရားကျူးကျော်စစ် ၃ ကြိမ်တိုင်တိုင် ဆင်နွှဲခဲ့ပြီးနောက် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကိုလိုနီနယ်ချဲ့သမားများနှင့် ဖက်ဆစ်တို့ကို အမျိုးသားရေး ဇာတိမာန်အရင်းခံသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ တွန်းလှန်တိုက်ထုတ်ခဲ့ခြင်းကြောင့် ၁۹၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိကာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခဲ့ပါသော်လည်း နယ်ချဲ့သမားတို့ သွေးခွဲချန်ထားရစ်ခဲ့သော မီးကြွင်းများ တည်ငြိမ်းတောက်လောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီ ပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး

စာမျက်နှာ ၆ ကော်လံ ၁ ■

ယနေ့ ဖတ်စရာ

ပြည်တွင်းဆီစက်များစျေးရောင်းပွဲတော် ကျင်းပမည် — ပြည်တွင်းသတင်း — စာ ၂

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်း — ဘွဲ့တံဆိပ်တော်များ — စာ ၈

စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း — ဂုဏ်ထူးဆောင်တံဆိပ် — စာ ၁၄

ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၄-၁-၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၁) တွင် အပေါင်းအဖော်များ အန္တရာယ်နှင့် ကြုံတွေ့ရမည်ကို ကြိုတင်သတိပေးစကားပြောကြားခဲ့၍ မိမိအန္တရာယ်နှင့် ကြုံတွေ့ရသည့်အခါ၌လည်း အကူအညီ ပြန်လည်ရရှိသွားသော ကြွက်လေးပိုပို အကြောင်းကို သရုပ်ဖော်ထားသည့် "ကြွက်ကလေး ပိုပို" မျက်နှာဖုံးဇာတ်လမ်း၊ ကြွပ်ကြွပ်အိတ် သုံးစွဲခြင်းဖြင့် ရရှိလာမည့် ဆိုးကျိုးများကို သိရှိကာ စနစ်တကျ စွန့်ပစ်တတ်စေရန် ပညာပေးရေးဖွဲ့ထားသည့် "ကြွပ်ကြွပ်အိတ်ရဲ့ အန္တရာယ်" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ မကြာခဏ နေမကောင်းဖြစ်ကာ ကျောင်းပျက်တတ်သော သူငယ်ချင်းထူးထူး၏ပြန်ဖြေလိုက်သော အဖြေကြောင့် အံ့သြသွားခဲ့ရသော မျိုးမျိုး အကြောင်းကို သရုပ်ဖော်ထားသည့် "ထူးထူးပါဝင်သော သိပ်ကောင်းလို့ပေါ့" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းအချင်းချင်း ပေါင်းဖော်ရာ၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်စိတ်၊ ခွင့်လွှတ်သည်းခံစိတ်ရှိမှသာ ပေါင်းဖော်၍ ရနိုင်ကြောင်းကို ရေးဖွဲ့ထားသည့် "ပေါင်းသင်းဆက်ဆံနည်း" ဝတ္ထုကဏ္ဍ၊ ပေးထားသော ရုပ်ပုံလေးကို ကလေးတို့စိတ်ကြိုက် အရောင်များဖြင့် ခြယ်သနိုင်မည့် "ဆေးရောင်လုလု ခြယ်ကြရအောင်" ကဏ္ဍ၊ အဘွားဖြစ်သူက စကားကို လိမ်ညာ၍မပြောဆိုရန် ဆုံးမသည်ကို ဟန်သီမ၏ပြန်လည်ပြောကြားပုံကို သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာကာတွန်း၊ မိခင်၏ သတိပေးပြောစကားကို လိုက်နာခဲ့၍ အသက်အန္တရာယ်မှ ကင်းဝေးခဲ့သော ကြွက်ဖြူလေးအကြောင်းကို ရေးဖွဲ့ထားသည့် "ကြွက်ဖြူလေးနဲ့ မုန့်လာဌ" ပုံပြင်ကဏ္ဍ၊ သူတစ်ပါးကို လိမ်လည်လှည့်ဖြားပြီး ပြောဆိုပါက နောက်ဆုံးတွင် ကျရှုံးခြင်းနှင့်သာ ရင်ဆိုင်ရကြောင်း သရုပ်ဖော်ထားသည့် "ရေတွင်းပြဿနာ" နှစ်မျက်နှာကာတွန်း၊ ကစားမက်လွန်း၍ မိဘနှင့် ဆရာများ၏ ဆူပူမှုကို ခံခဲ့ရသော ဖိုးထူးအကြောင်းကို သရုပ်ဖော်ထားသည့် "ကစားချိန်လျှော့ပါ" နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာလေ့လာရာ၌ အသုံးဝင်သည့် နေ့စဉ်သုံးစကားအသုံးအနှုန်းများထဲမှ ထူးခြားအဓိပ္ပာယ်ထွက်သည့် စကားစုအချို့ အကြောင်းကို ရေးသားထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာ သင်ခန်းစာ ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံ လင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်တွင်းဆီစက်များ ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ကြီးမှူးရှိ စားသုံးဆီဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်အထိ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI) ရှေ့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီများကို လွတ်လပ်စွာဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "မြေပဲဆီ တစ်ပိသာကို ရန်ကုန်မြို့မှာ ငွေကျပ်နှစ်သောင်းဝန်းကျင်ဈေးရှိပြီး ယခုဈေးရောင်းပွဲတော်မှာ တစ်ပိသာကို အမြင့်ဆုံးဈေး ငွေကျပ် ၁၇၀၀ ထက်မပိုတဲ့ဈေးနဲ့ ရောင်းချပေးမှာပါ။ စိတ်ကြိုက်လိုသလောက် ၅၀ ကျပ်သားဘူးမှစပြီး ပိသာဘူးများအထိ ရောင်းချပေးမှာပါ။ ပွဲတော်ရက်အတွင်း ဆီပိသာချိန်များများယူရင် ရန်ကုန်မြို့အတွင်း ပို့ပေးမှာပါ။ ပို့ဆောင်ခကို မှာယူသူက ပေးဆောင်ရပါမယ်"ဟု ပြောသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကုန်အမှတ်တံဆိပ် ၁၁ ခုတို့ဖြင့် လာရောက်ရောင်းချမည်ဖြစ်သည်။ ကုန်ကြမ်းသီးနှံဖြစ်သည့် မြေပဲမှာ စက်တင်ဘာလမှ ဧပြီလအထိ လျှင်လျှင်ပေါသည့်ကာလဖြစ်သဖြင့် မြေပဲဆီများကို သက်သာသည့်ဈေးနှုန်းဖြင့် လာရောက်ရောင်းချခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် စားသုံးဆီများကို သက်သာသည့် နှုန်းထားဖြင့် စားသုံးဆီဈေးရောင်းပွဲတော်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

၃-၁-၂၀၂၅ ရက်နေ့
ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၃၁၀၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING BINGO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR, T03 (LUXURY) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြု ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	စိုးစိုးနိုင်	သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းမှူး	-	မြင့်စိုး	အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
စာတည်းများ	-	ဝင်းကျော်၊ နေဇာဇာထွန်း	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	-	ခြားစဒ္ဓိနွေး၊ တင်လင်းအောင်	အငယ်တန်း	-	ဇော်ဝိုင်းအောင်၊ ဝေသူနယ်၊ ခင်ဖြူထွေး
သုတေသန	-	အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ		
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဆုမွန်သဲနှင့် ရွှေစင်အိတ္တိအဖွဲ့	အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆۷-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆۷-၃၆၁၄၃၊ ဖက်စ် ၀၆۷-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဒီဇိုင် ၀၁-၅၄၄၃၁၅၊ ဌေဒီရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၄၅၈၃၅၊ Fax ၀၁-၅၄၆၂၂၀၊ ၀۷۶-၃၆၁၄၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အလင်း

လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် နိုင်ငံသားတိုင်း၏တာဝန် ကျေပွန်

လွတ်လပ်ရေးဆိုသည်မှာ တစ်ဦးတစ်ယောက် ကောင်းစားရန်ဖြစ်စေ၊ အများကောင်းစားရန်ဖြစ်စေ ပြုလုပ်ရာတွင် အခြားတစ်ဦးတစ်ယောက်၏အကျိုးကိုဖြစ်စေ၊ အခြားသူများ၏အကျိုးကိုဖြစ်စေ မထိခိုက်စေဘဲ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်ခြင်းသည် လွတ်လပ်ရေးဖြစ်သည်ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဖွင့်ဆိုခဲ့သည်။ ထို့ပြင် လွတ်လပ်ရေးဆိုသည့် အဓိပ္ပာယ်သည် စည်းနှင့်ကမ်းနှင့်သဘောမျိုးသာဖြစ်ကြောင်း၊ လွတ်လပ်ရေးရသည့်အခါတွင် တိုင်းပြည်သည် ပို၍စည်းကမ်းရှိဖို့လိုသည်ဟူ၍လည်း ညွှန်ပြခဲ့သည်။

အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံသားဘဝဟူသည် လွတ်လပ်သည့်အခွင့်အရေးများရရှိသကဲ့သို့ နိုင်ငံသားတို့၏ တာဝန်များလည်းရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အနန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်တာဝန်၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးတာဝန်၊ ဥပဒေနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန်တာဝန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးတာဝန်၊ ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ဟူသော တာဝန်များရှိသကဲ့သို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူသော ကိစ္စရပ်များတွင် နိုင်ငံသားတိုင်းက နိုင်ငံတော်ကိုကူညီကြရန် တာဝန်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း နိုင်ငံသားတိုင်း တာဝန်ကျေပွန်ကြမည်ဆိုပါက မိမိတို့နိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့်နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတော်ကို လျင်လျင်မြန်မြန်၊ အောင်အောင်မြင်မြင် တည်ဆောက်နိုင်ကြမည် ဖြစ်သည်။ လွတ်လပ်သည့်နိုင်ငံသား ဖြစ်လာသည့်အခါတွင် ပိုပြီးစည်းကမ်းရှိရမည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်နှင့်အညီ နိုင်ငံသားတိုင်း စည်းနှင့်ကမ်းနှင့် ဥပဒေနှင့် တာဝန်ကျေပွန်ခဲ့ကြလျှင်၊ အခြားနိုင်ငံများထက် ၄၊ ၅၊ ၁၀ ဆ ပို၍ အလုပ်လုပ်ခဲ့ကြလျှင် ကုန်လွန်ခဲ့သည့် ၇၇ နှစ်တာကာလသည် မိမိတို့နိုင်ငံကို ကမ္ဘာ့ထိပ်တန်းစာရင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် များစွာလုံလောက်သည့်အချိန်ကာလပင်ဖြစ်သည်။ အတိတ်သမိုင်းသည် သင်ခန်းစာယူရန်လည်း ဖြစ်သည့်အလျောက် လွတ်လပ်သည့် နိုင်ငံဘဝသို့ ရောက်ရှိလာချိန်တွင် မိမိတို့သည် တစ်ဦးတစ်ယောက် ကောင်းစားရန် သို့မဟုတ် လူအများကောင်းစားရန် ဆောင်ရွက်ကြရာ၌ အခြားတစ်ယောက်၏ အကျိုးကိုဖြစ်စေ၊ အခြားလူအများ အကျိုးကိုဖြစ်စေ ထိခိုက်စေခဲ့သလော။ စည်းနှင့်ကမ်းနှင့်ဖြစ်သည့် လွတ်လပ်မှုတွင် စည်းမဲ့ကမ်းမဲ့ခဲ့ကြသလော စသည်တို့ကို ပြန်လည်အောက်မေ့ဆင်ခြင်၍ ပြုပြင်သွားကြရန်လိုသည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ခွင့်တူညီမျှသည့် နိုင်ငံတော်ကို တည်ဆောက်ကြရာတွင် မိမိတို့သည် ခေတ်အခါအလျောက် ကျရောက်လာသည့်တာဝန်များကို ကျေပွန်ကြရမည် ဖြစ်သည်။ မျက်မှောက်ကာလတွင် ကျရောက်လာသည့် မိမိတို့၏ အရေးကြီးသည့်တာဝန်မှာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံကာကွယ်ရေးပင်ဖြစ်ပြီး နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ထားရမည့် တာဝန်များပင်ဖြစ်ရာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတော်ကြီး အွန်ရှ,ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်း တာဝန်ကျေပွန်ကြရန် (၇၇) နှစ်မြောက် လွတ်လပ်ရေးအခါသမယတွင် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

* ရှေ့မှ

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန်၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်းကို အကြိမ်ကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သော တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် ဖိတ်ခေါ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAO) အချို့သည် NCA ပါ ကတိကဝတ်များကိုလိုက်နာမှုမရှိဘဲ ချိုးဖောက်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများနှင့်လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင်မတူညီမှုများကိုအခြေခံသကဲ့သို့ တသီးတခြား ရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ခဲ့ခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် အမျိုးမျိုးသော ပံ့ပိုးမှုများ ပါဝင်ပတ်သက်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ကြပါသည်။

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပါသည်။ လက်နက်ကိုင် အကြမ်းဖက်တောင်းဆိုမှုများအပေါ် လိုက်လျောဖြေရှင်းပေးသွားမည် မဟုတ်ကြောင်းကိုလည်း အတိအလင်းကြေညာထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားကြရန်" တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့ သွေးဆုံကာ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံဆင်း ဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသောကြောင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုအားဖြင့်သာ ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ "နွားကွဲလျှင် ကျားဆွဲ" ဟူသော စကားပုံရှိပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏အုပ်ချုပ်ရေး ယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်ကို အားအင်ချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးစေနိုင်ပါသည်။ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ယုံကြည်စွာဝန်းရံပေးကြရန် လိုအပ်ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါ တာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြပါရန်" အလေးအနက် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

❖ တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်၊ တပ်မတော်နှင့်ပြည်သူ တစ်သားတည်း ရပ်တည်မှုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရန် ဖြစ်ပါသည်။ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက် မှ (၁၅)ရက်အထိ ဆောင်ရွက်ခဲ့ပြီး တိကျမှန်ကန်သည့် အတည်ပြုလူဦးရေစာရင်းကို ဆက်လက်ပြုစု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မဲပေးပိုင်ခွင့်ရှိသူမဲစာရင်းပြုစုနိုင်ရေး ပေးပို့သွားရန် ဆောင်ရွက်လျက်ရှိပါသည်။ စည်းစနစ်ကျနသည့်၊ တရားမျှတပြီး သိက္ခာရှိသည့် အထွေထွေရွေးကောက်ပွဲဖြစ်စေရေးနှင့် ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါသည်။

"စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျ မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး" အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရပါက ရပ်တန့်နေ၍မရဘဲ ရှေ့သို့ ဆက်လက်လှမ်းချီနေရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟု ခံယူကာ ပြည်သူများ စားဝတ်နေရေးပြေလည်မှုမှတစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ့စီးပွား ကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသောကုန်ထုတ်စွမ်းအားကို ဦးစားပေး မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်စေနိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ လူမှုဘဝများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းပြည်တစ်ပြည် တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါ်ထွက်လာခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာ ပြည့်စုံသောလူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက် ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်" ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေး ခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေးစွမ်းပကားဟူသော အား သုံးအားကို ကြိုးစားတည်ဆောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး၏ **စုပေါင်းအားဖြင့်** ဆောင်ရွက်ကြပါရန်" တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **နိုင်ငံရေးတွင်** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရိုသေလေးစားလျက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ရှေ့သို့လှမ်းချီရာတွင် နိုင်ငံ့**စီးပွားရေး**ကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးမောင်းနှင်အားပင် ဖြစ်ပါသည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေးတို့ကို အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်နှင့်ပြည်သူ တစ်သားတည်း ရပ်တည်မှုသည် နိုင်ငံတော်**ကာကွယ်ရေး**အတွက် အခြေခံပံ့ပိုးမှုတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar) ဟူသော စိတ်၊ တစ်သွေး တစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး**ကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချ ဆောင်ရွက်ကြရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး**ဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

တိုင်းပြည်သာယာဝပြောရေးသည် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်နေသော အရေးကိစ္စဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းရေးသည်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ပတ်သက်နေသော ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါသည်။

စားရေရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဝါသီးနှံအထွက်တိုးရေးတို့ကိုဆောင်ရွက်လျက်ရှိပါသည်။ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝတ်စုံစရိတ်နှင့် အိမ်ငှားစရိတ်များ၊ အပိုထောက်ပံ့ကြေးငွေများ ခံစားခွင့်ပြုခဲ့သည့်အပြင် နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါသည်။ ဆရာ ဆရာမများအား ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ လစဉ်ပေးအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများ၏ ပညာသင်ထောက်ပံ့ကြေးများကို တိုးမြှင့်ပံ့ပိုးပေးလျက်ရှိပါသည်။

အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးလျက်ရှိသကဲ့သို့ နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် "ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဟူသော မူဝါဒကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အောင်မြင်စွာကျင်းပခဲ့ကာ ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသား ကျောင်းသူများဖြစ်လာစေရန် ပျိုးထောင်ပေးလျက်ရှိပါသည်။

သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ **"ရှေ့သို့ ချီမည် ပန်းတိုင်ဆီ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း "နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ခွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်"ကြစေလိုပါကြောင်း အလေးပေးကာ နှိုးဆော်အပ်ပါသည်။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက သွေးစည်းညီညွတ်စွာဖြင့် အလေးအနက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သတင်းလွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သတင်းလွှာများ အသီးသီးပေးပို့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ကမ္ဘောဒီးယားပြည်သူများနှင့် မိမိမှ ဂုဏ်ပြုဝမ်းမြောက်စကားများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တူညီသည့်ရိုးရာယဉ်ကျေးမှုနှင့် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့ကို အခြေခံ၍ နှစ်နိုင်ငံအကြား ကာလရှည်ကြာ နီးကပ်စွာတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို မိမိအနေဖြင့် အထူးအလေးထားပါကြောင်းနှင့် မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်တွင် ပိုမိုတိုးတက်မှုရှိလာမည်ကို အခိုင်အမာယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရှင်လန်းပြီး စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နှစ်သစ်တွင် မြန်မာပြည်သူများအားလုံးသည် ငြိမ်းချမ်းမှု၊ ကျန်းမာရှင်လန်းမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ခိုင်မာစွာတည်ဆောက်ထားပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို အလေးထားပါသည်။ မိမိတို့ နှစ်နိုင်ငံသည် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ နွေးထွေးပျူငှာသည့်ဆက်ဆံရေးကို အတူတကွ ဖျမ်းဝေခံစားလျက်ရှိကြပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် နီးကပ်သည့် စေ့စပ်ညှိနှိုင်းမှုများဖြင့် ပိုမိုခိုင်မြဲလာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ ကုမင်းမြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် CLMV အစည်းအဝေးကာလအတွင်း ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံတွေ့ဆုံမှုက မိမိတို့အကြား တည်ရှိပြီးဖြစ်သည့် နွေးထွေးသည့်ဆက်ဆံရေးနှင့် ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုအားကောင်းလာစေပါသည်။

အခါအခွင့်ကြုံခိုက် နှစ်နိုင်ငံပြည်သူများ ကြွယ်ဝမှုနှင့်ကျန်းမာရှင်လန်းစေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာလာစေရန် မိမိအနေဖြင့် နှစ်နိုင်ငံအကြားသာမက ဘက်ပေါင်းစုံမဏ္ဍိုင်အောက်၌ အဆွေတော်နှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ လာမည့်နှစ်တွင် နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၇၀)ပြည့်မြောက်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား လေးနက်မှုရှိသည့် အထိမ်းအမှတ်အခမ်းအနားများကို အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ပလာဒီမာ ပူတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု အစဉ်အလာများအပေါ် အခြေခံပါသည်။

အခါအခွင့်ကြုံခိုက် ၂၀၂၅ နှစ်သစ်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ အဆွေတော် ကျန်းမာ၊ ပျော်ရွှင်၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှုစတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရကိုယ်စားနှင့် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှုများအပေါ် အခြေခံသည့် ရုရှား-မြန်မာ ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကျေနပ်အားရကြောင်း ပြောကြားလိုပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာပြီး အလားအလာရှိသော ပူးတွဲစီမံကိန်းများလည်း အသက်ဝင်လာသည်ကို တွေ့ရှိရပါသည်။

နယ်ပယ်ပေါင်းစုံတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်လျက် မိမိတို့ နှစ်နိုင်ငံအစိုးရအကြား တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆန္ဒရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် ရုရှားနှင့် မြန်မာနှစ်နိုင်ငံအကျိုးစီးပွားနှင့် အပြည့်အဝကိုကာကွယ်ရှိပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများအောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများအားလုံး ပျော်ရွှင်၊ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ် ချန်ဒရာ ပေါ်ဒဲလ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

မြန်မာနိုင်ငံ၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ထို့အပြင် မြန်မာပြည်သူများ ဆက်လက်၍ တိုးတက်မှုနှင့် သာယာဝပြောမှုများ ရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်းပို့သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ ပီ ရှာမာ အိုလီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

မြန်မာနိုင်ငံ၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအား နီပေါအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ဖော်ရွေသည့် မြန်မာပြည်သူများ ဆက်လက်၍ တိုးတက်မှုနှင့် သာယာဝပြောမှုများ ရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်းပို့သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘယ်လာရစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်စန္ဒား လူကာရှန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်ခဲ့ပြီး နှစ်ပေါင်း(၇၇) နှစ်ကျော်ကာလတွင် အဆွေတော်တို့၏ မြန်မာနိုင်ငံသည် စိန်ခေါ်မှုများကြားမှ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့၌ သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ လူသားချင်းစာနာထောက်ထားမှု စသည့်ကဏ္ဍများတွင် ဘယ်လာရုစ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု၏ အလားအလာကောင်းများကို ဖြင့်တင်ရန်နှင့် နှစ်နိုင်ငံ ပိုမိုနီးကပ်လာစေရန် အခွင့်အလမ်းသစ်များကို ရှာဖွေသွားရန် မိမိအနေဖြင့် စိတ်ပါဝင်စားလျက်ရှိသည်ကို ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ပ်ချန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသတင်းလွှာ

ဘယ်လာရုစ်နိုင်ငံအစိုးရကိုယ်စားလည်းကောင်း၊ မိမိကိုယ်စားလည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း လှိုက်လှဲစွာ ပြောကြားလိုပါသည်။

နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတွင် ဂုဏ်သိက္ခာရှိသည့် နေရာတစ်နေရာရရှိပြီး ၎င်းတို့၏ သဘောဆန္ဒကို ထုတ်ဖော်ပြောကြားခွင့်ရှိသော သာတူညီမျှရှိသည့် ကမ္ဘာ့အစီအစဉ်အတွက်နှင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားနှင့်အညီ လွတ်လပ်၍ အမှီအခိုကင်းသည့်လမ်းကြောင်းအတွက် မိမိတို့နိုင်ငံများသည် ယုံကြည်မှုဖြင့် ပေါင်းစည်းညီညွတ်လျက်ရှိပါသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့်မြန်မာနိုင်ငံနှင့် အဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုများ ဖြင့်တင်သွားပြီး နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်နိုင်ရန် ဆန္ဒရှိပါသည်။

နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေး၏ တည်ရှိပြီးဖြစ်သည့် အခြေခံယန္တရားများကို အတတ်နိုင်ဆုံး အကျိုးရှိစွာအသုံးချရန် အရေးကြီးသည်ဟု မိမိအနေဖြင့် ထင်မြင်ပါသည်။ အဆွေတော်အနေဖြင့်

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဘယ်လာရှစ်–မြန်မာကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပနိုင်ရေးအတွက် ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။ နှစ်နိုင်ငံ ပူးတွဲစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်းတို့ဖြင့် နှစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ရရှိရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ သာယာဝပြောရေးကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်၏ အစီအစဉ်များအားလုံး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်လျက် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မိုဟာမက် ရှီဘက် ရှာရစ်ဖ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဗျော်ရွှင်ဖွယ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိတို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ မိမိတို့အတူတကွ ကြိုးပမ်းအားထုတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိတို့ ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် အကျိုးတူကဏ္ဍအားလုံး၌ နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် မိမိအနေဖြင့် အဆွေတော်ကျန်းမာပျော်ရွှင်ပြီး အဆင်ပြေပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများ ဆက်လက်တိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘ်ဘွန်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မြန်မာပြည်သူများ ဆက်လက်အောင်မြင်တိုးတက်ပါစေကြောင်း အယ်လ်ဂျီးရီးယားအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ နိုင်မာအားကောင်းစေရေး ဆောင်ရွက်သွားရန် အသင့်ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇۷)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက်ဆုတ်ခွန်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇۷)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများ ထံသို့ ဂုဏ်ပြုဝမ်းမြောက်နှုတ်ဆက်စကားများ ပို့သအပ်ပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံအကြား နွေးထွေးသည့်ဆက်ဆံရေးနှင့် နီးကပ်သောပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ မိမိတို့ နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ပံ့ပိုးကူညီလျက်ရှိပါသည်။ လာမည့်နှစ်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်သည့် နှစ်(၇၀)ပြည့်မြောက်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မိမိတို့ အတူတကွ အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားအတွက် ပိုမိုနက်ရှိုင်းတိုးတက်ခိုင်မာမှုရှိလာစေမည် ဖြစ်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာရှည်လန်းပြီး အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောမှု အဓွန့်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ပ်ရော့ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အစဉ်အလာအားဖြင့် ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို အခြေခံထားသည့် ရုရှား–မြန်မာ ဆက်ဆံရေးသည် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသည့်အတွက် ဝမ်းမြောက်အားရမိပါသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်းက မိမိတို့တွေ့ဆုံစဉ် ရရှိခဲ့သည့် သဘောတူညီချက်များနှင့်အညီ နိုင်ငံရေးဆွေးနွေးပွဲနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ထိတွေ့ဆက်ဆံမှုများကို တိုးမြှင့်ဆောင်ရွက်ရန် အသင့်ရှိပါသည်။ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းသည် ရုရှားနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားနှင့် အရေးတောင်အာရှနှင့် အာရှ–ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ ကျန်းမာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘယ်လာရှစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ပ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များကို တူညီသောအမြင်များဖြင့် စောင့်ကြည့်လျက်ရှိသည့် တာဝန်ရှိသော မိတ်ဖက်များဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလက အဆွေတော်၏ ဘယ်လာရှစ်နိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နှင့် မင့်စ်မြို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ခဲ့ခြင်းတို့သည် နှစ်နိုင်ငံ ဆက်ဆံရေး၏သမိုင်းတွင် စာမျက်နှာသစ်ဖြစ်လာပါသည်။

၂၀၂၄ ခုနှစ်က ကျင်းပခဲ့သည့် ဘယ်လာရှစ် – မြန်မာသံတမန်ဆက်ဆံရေး ထူထောင်မှု (၂၅)နှစ်မြောက်အခါသမယသည် နှစ်နိုင်ငံ ဆက်သွယ်မှု၏ အရှိန်အဟုန်ဖြင့် အပြုသဘောဆောင်စွာ တိုးတက်လျက်ရှိသည်နှင့် တိုက်ဆိုင်နေသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

ဘယ်လာရှစ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် မကြာမီကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေး အတွက် အဆွေတော်၏ပံ့ပိုးကူညီမှုများရရှိနိုင်ရေး မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပြီး လုပ်ငန်းတာဝန်များ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အဆွေတော်အား ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဆီးနိတ်တာ မိုဟာမက် အီရှပ် ဒါ၊ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများထံသို့ ပါကစ္စတန် အစ္စလာမ်စ်သမ္မတနိုင်ငံ ပြည်သူများနှင့် အစိုးရကိုယ်စား မိမိက ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

နှစ်နိုင်ငံအကြား ၁၉၄၈ ခုနှစ်တွင် သံတမန်ဆက်ဆံရေး တည်ထောင်ပြီးချိန်မှစတင်၍ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ထိန်းသိမ်းထားရှိပါသည်။ မိမိတို့ ပြည်သူများ၏ အကျိုးစီးပွားအတွက် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်မှုများ ရရှိပါစေကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ရေရှည်တည်တံ့သည့် တိုးတက်မှုနှင့် သာယာဝပြောမှုတို့ ရရှိပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချိုဆွန်းဟွာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သလိုပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆွေတော်၏လုပ်ငန်းဆောင်တာများ ပိုမိုတိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့၏ နိုင်ငံခြားရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ မိုဟာမက် တိုဟိဒ် ဟူစိန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇۷)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူများထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူများက နှုတ်ခွန်းဆက်သပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ မြန်မာပြည်သူများ တိုးတက်၍ ငြိမ်းချမ်းပြီး သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းဖြစ်သည့်အတွက် အပြန်အလှန်လေးစားမှုကို အခြေခံလျက် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေလျက် ပိုမိုခိုင်မာသည့်ဆက်ဆံရေးတည်ဆောက်သွားရန် ကတိကဝတ်ပြုပါသည်။

တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

တရားရေးအရာရှိကြီးများမွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။(ယာဝုံ)

သင်တန်းဆင်းပွဲသို့ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြင်တမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

နှစ်လကြာမြင့်

သင်တန်းကာလမှာ ၂၀၂၄ အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ နှစ်လကြာမြင့်ကြောင်းနှင့် သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင်တရားသူကြီးအဆင့်ရှိ သင်တန်းသား ၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန CPU အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုသည်နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားနိုင်သဖြင့် ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် တာဝန်ထမ်းဆောင်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာများ သိရှိရန်လိုအပ်မှုနှင့် ကော်မရှင် အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

HSD (10 ppm)	၃၂၂၅	၃၃၃၅	၃၃၀၀	၃၂၈၅	၃၃၄၀	၃၃၄၅	၃၃၇၅	၃၂၉၅	-	၃၅၈၅	၃၃၁၀	၃၃၀၀	၃၃၈၀	၃၃၄၅	၃၃၇၀	၃၆၂၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၁၆	၂၉၀၆
95 Ron	၂၉၂၀	၃၀၁၂
HSD (500 ppm)	၂၄၅၆	၂၅၃၅
HSD (50 ppm)	၃၀၄၆	၃၁၃၇
HSD (10 ppm)	၃၀၄၆	၃၁၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

၃ - ၁ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၃၀၀	၈၃၀၀	၆၅၈	၅၄၅၃၃၉၀၀
MTSH	၃၀၀၀	၃၁၅၀	၅၅၃၅	၁၇၁၅၈၆၀၀
MCB	၀	၀	၀	၀
FPB	၁၉၀၀	၁၉၀၀	၃၇၅	၇၁၃၈၃၀၀
TMH	၀	၀	၀	၀
EFR	၁၆၅၀	၁၆၅၀	၄၁၂	၆၇၉၈၀၀
AMATA	၄၂၀၀	၄၂၀၀	၂၉၂	၁၂၂၆၄၀၀
MAEX	၃၁၅၀	၃၁၅၀	၆၆၁	၂၀၈၂၁၅၀
MADPL (PLB)	၃၀၅၀	၃၀၅၀	၂၅၆	၇၈၀၈၀၀

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်းရှိ နေအိမ်နှင့် စာသင်ကျောင်းအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ၎င်းတို့သိုဝှက်သိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်ပြီး အရပ်သားပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းများကို ကျူးလွန်လျက်ရှိသည့်အပြင် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၊ နေအိမ်များအတွင်း၌ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်သိမ်းဆည်းခြင်းများအပါအဝင် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်

ထိုသို့ ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိစဉ် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ငါန်းဇွန်မြို့ အနောက်ဘက်မိတာ ၈၅၀၀ ခန့်အကွာ ကုလားကျေးရွာအတွင်း၌ ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက် ရှိကြောင်းနှင့် လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂ ရက် ည ၁၁ နာရီခန့်တွင် အဆိုပါကျေးရွာအတွင်းသို့ ရုတ်ခြည်း ထိုးဖောက်ဝင်ရောက်တိုက်ခိုက်၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

သိမ်းဆည်းရမိ

ထိုသို့ဆောင်ရွက်ခဲ့ရာကျေးရွာအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားနှင့် ရင်ဆိုင်ထိတွေ့မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမား သုံးဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့ခိုအောင်းနေထိုင်လျက်ရှိသည့် နေအိမ်နှင့်စာသင်ကျောင်းအတွင်းမှ ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းများ၊ ၎င်းတို့ အသုံးပြုလျက်ရှိသည့် ကျန်းမာရေးနှင့် လူမှုကူညီရေး အသင်းစာတမ်းပါ NISSAN XTR-AIL အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် Hijet အမျိုးအစား မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် ယခင်ကလည်း အုပ်ချုပ်မှုခက်ခဲပြီး အလုမ်းကွာဝေးသည့် မြို့၊ ရွာ အချို့တို့သို့ ဝင်ရောက်၍ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ကာ စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အဦများ၊ ပြည်သူလူထုတို့၏ နေအိမ်များအတွင်းသို့ ဝင်ရောက်နေရာ ယူ၍ အတွင်း/အပြင်၌ ခြံစည်းရိုးပတ်လည်အား သဲအိတ်များ ကာရံခြင်း၊ မိုင်းများထောင်ထားခြင်း၊ သဲအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက်လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများ ပြုလုပ်ကာ အခိုင်အမာ စခန်းတည်ဆောက်၍ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်များလည်း ရှိခဲ့ပြီး တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်တားဆီးနိုင်ခဲ့မှုများနှင့် အကြမ်းဖက်သမားများအနေဖြင့် ပရဟိတ လုပ်ငန်းခေါင်းစဉ်အကြောင်းပြ၍ အဆိုပါယာဉ်များ အသုံးပြုကာ လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်လျက်ရှိမှုများကိုလည်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အကြမ်းဖက်သမားများ အနေဖြင့် ထိုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပြည်သူလူထုတို့၏ နေအိမ်များ၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများကို အသုံးချကာ ခိုအောင်းနေထိုင်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ သိမ်းဆည်းရမိ ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖော်ထုတ်ဖမ်းဆီးနိုင်

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ၎င်းတို့၏လှုပ်ရှားမှုသတင်းများအား အချိန်မီပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည့် အကြမ်းဖက်သမားများနှင့် လက်နက်၊ ခဲယမ်းများကို ယခုကဲ့သို့ အချိန်မီ ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ခြင်းဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရင်းလင်းစဉ် ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်ဖြစ်စဉ်နေရာပြပုံ





PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား တွေ့ရစဉ်။

PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် ၎င်းတို့အသုံးပြုလျက်ရှိသော မော်တော်ယာဉ်များအား တွေ့ရစဉ်။

PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်သမား၏ အလောင်းအား တွေ့ရစဉ်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧနှစ်ဝါရီ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧနှစ်ဝါရီ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Nay Htet Aung" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဗြူကြီးကျေးရွာနေ နေထက်အောင် (ခ)မောင်ဆပ်အား မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှန်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဧနှစ်ဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၄၈၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမှ ကျိုင်းတုံဘက်သို့ စိုင်းထွန်းကျောက် မောင်းနှင်လာသည့် Toyota Alphard မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ကြမ်းခင်းအံဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၈၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို မိုင်းပျဉ်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နွားထိုးကြီးမြို့နယ် ဝက်လူးအရှေ့ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများထိခိုက်သေဆုံးခဲ့ရသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဧနှစ်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးအရှေ့ကျေးရွာကို ဒီဇင်ဘာ ၃၁ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ်သုံးဦးအပါအဝင် ဒေသခံပြည်သူ ခုနစ်ဦး သေဆုံးခဲ့ကာ ၁၀ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက တစ်ဖက်သတ်လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဝက်လူးအရှေ့ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် အရှေ့ကျေးရွာ အနီးဝန်းကျင်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းကျေးရွာ အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် အတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လမ်းသွားလမ်းလာပြည်သူများကို နှောင့်ယှက်ပစ်ခတ်ခြင်းနှင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ဖောက်ခဲ့ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကိုဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတကာသတင်း

၂၀၂၄ ခုနှစ်အတွင်း ဥရောပသို့ရောက်ရန်ကြိုးပမ်းရင်း သေဆုံးသည့် ဒုက္ခသည် ၂၂၀၀ ရှိ

ရောမ ဧနှစ်ဝါရီ ၃

၂၀၂၄ ခုနှစ်အတွင်း ဥရောပသို့ရောက်ရန်ကြိုးပမ်းရင်း သေဆုံးသွားကြသည့် ဒုက္ခသည် ၂၂၀၀ ရှိသည်ဟု ကုလသမဂ္ဂနှင့် အီတလီသတင်းအရင်းအမြစ်များ၏ မကြာသေးမီကကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့်နှစ်အတွင်းက မြေထဲပင်လယ်အတွင်း ပျောက်ဆုံးသို့မဟုတ် သေဆုံးသွားသည့် ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည် ၂၂၀၀ ရှိသည်ဟု ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့က ဧနှစ်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။ သေဆုံးသူအများစုမှာ လူငယ်များဖြစ်ကြသည်ဟု ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့၏ ဥရောပနှင့် အာရှအလယ်ပိုင်းဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူး ရီဂျီနာ ဒီဒိုမနစ်က ပြောသည်။ ဥရောပတွင် လုံခြုံရာလာရောက်ရှာဖွေသည့်ကလေးများကို ဦးစားပေး အကာအကွယ်ပေးကြရန် အစိုးရများကို ၎င်းက တိုက်တွန်းခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း မြေထဲပင်လယ်နှင့် အနောက်မြောက်ပိုင်း အာဟရိကပင်လယ်ရေကြောင်း လမ်းကြောင်းတွင် သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားသည့်လူပေါင်း ၂၃၆၈ ဦး ရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အစောပိုင်းအချက်အလက်များက ဖော်ပြထားသည်။ ဒီဇင်ဘာ ၂၉ ရက်အထိ ဥရောပသို့ ရောက်ရှိလာသည့် ဒုက္ခသည် ၁၉၃၄၄၈ ဦး ရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတင်းထုတ်ပြန်သည်။

အီတလီသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိကလမ်းကြောင်းဖြစ်ပြီး ဂရိနှင့်စပိန်တို့သည်လည်း ၎င်းတို့အတွက် သွားရောက်ရာနေရာများ ဖြစ်နေခဲ့သည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်၌ နှင်းထူထပ်စွာကျရောက်မှုကြောင့် အပူချိန် အနုတ် ၁၅ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်း

ကဘူးလ် ဧနှစ်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကဘူးလ်နှင့် မြောက်ပိုင်းပြည်နယ်ကိုးခုသို့ ဆက်သွယ်ထားသည့် အဓိကလမ်းမကြီး ဆာလံအပါအဝင် အာဖဂန်ရှိ အဝေးပြေးလမ်းမများမှာ နှင်းထူထပ်စွာကျရောက်မှုကြောင့် သွားလာရန် ခက်ခဲခဲ့ကြောင်း ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဧနှစ်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

ဧနှစ်ဝါရီ ၃ ရက် နံနက်ပိုင်းမှစကာ နှင်းထူထပ်စွာကျရောက်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့် မြူထူထပ်ခြင်းတို့ကြောင့် ဆာလံအဝေးပြေးလမ်းမကြီးကို ပိတ်ထားခဲ့ကြောင်း၊ ယင်းလမ်းမကြီး၏ အမြင့်ဆုံးနှင်းအနက်မှာ ၁ ဒသမ ၁၆ မီတာအထိရှိကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အာရှာရက်ဖ် ဟက်ရှီနပ်စ်က လူမှုကွန်ရက်မီဒီယာ X တွင် ပြောကြားသည်။

ဧနှစ်ဝါရီ ၂ ရက် နံနက်ပိုင်းမှစကာ အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၂၇ ခုတွင် နှင်းထူထပ်စွာကျရောက်ခဲ့ပြီး နိုင်ငံ၏အချို့နေရာများတွင် အပူချိန်အနုတ် ၁၅ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းသွားကြောင်း သိရသည်။ **ဆင်ဟွာ**

ဂါဇာအပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးရန် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့ ကိုင်ရိုမြို့သို့သွားရောက်

ကိုင်ရို ဧနှစ်ဝါရီ ၃

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအတွက် စိန်ခေါ်မှုများကိုဖြေရှင်းရန် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့သွားရောက်ကြောင်း ဟားမားစ်ပြောရေးဆိုခွင့်ရှိသူ ဂျီဟတ်တာဟာက ဧနှစ်ဝါရီ ၂ ရက်တွင် ပြောသည်။

ကိုယ်စားလှယ်အဖွဲ့၏ ကိုင်ရိုခရီးစဉ်သည် အီဂျစ်၊ ကာတာနှင့် တူကီယဲအပါအဝင် ဂါဇာဒေသရှိ အခြေအနေများ နှင့်ပတ်သက်၍ကြားဝင်စေ့စပ်ပေးသူများနှင့် ဆက်လက်ဆွေးနွေးမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း တာဟာက ဆင်ဟွာသို့ပြောသည်။ အစ္စရေးဘက်မှသာ လက်ရှိအခြေအနေများကို ပြောင်းပြန်လှန်ပစ်ပါက သဘောတူညီချက် လျင်မြန်စွာရရှိမည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ဆက်ပြောသည်။ ယခုသီတင်းပတ်အစောပိုင်းက ဟားမားစ်တို့သည် အကျဉ်းသားလဲလှယ်ရေးအစီအစဉ်မပါဘဲ တစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးအတွက် အဆိုပြုချက်ပြုလုပ်ခဲ့သည်ဟု အစ္စရေးအစိုးရပိုင်းကနေတိမ်ကွတ်တွင် ဖော်ပြထားသည်။ အစ္စရေးတို့က အဆိုပါ အဆိုပြုချက်ကို ပယ်ချခဲ့ပြီး အပစ်အခတ်ရပ်စဲရေးမတိုင်မီ ပြန်လွှတ်ပေးမည့် ဓားစာခံများ စာရင်းကို ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

သီရိလင်္ကာနိုင်ငံက ယခုနှစ်အတွင်း ပို့ကုန်ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံရရှိရန် ရည်မှန်း

ကိုလံဘို ဧနှစ်ဝါရီ ၃

သီရိလင်္ကာနိုင်ငံ၏ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (အီးဒီဘီ) က ၂၀၂၅ ခုနှစ်အတွင်း ပို့ကုန်ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း နိုင်ငံပိုင်မီဒီယာက ဧနှစ်ဝါရီ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

အီးဒီဘီက လာမည့်ငါးနှစ်အတွင်း နိုင်ငံ၏ပို့ကုန်ဝင်ငွေကို ၄၅ ဘီလီယံအထိ တိုးမြင့်ရရှိရန် ရည်မှန်းထားကြောင်း အီးဒီဘီ ဥက္ကဋ္ဌ မန်ဂါလာ ဝီဂျဲဆင်းဟီက ဆိုသည်။

၂၀၂၄ ခုနှစ်က သီရိလင်္ကာနိုင်ငံသည် အထည်အလိပ်နှင့် အိုင်စီတီကဏ္ဍများမှ မျှော်မှန်းထားသည်ထက် ပိုမိုရရှိသော ဝင်ငွေကြောင့် ပို့ကုန်ဝင်ငွေမှ ၁၆ ဒသမ ၂ ဘီလီယံ ဒေါ်လာ ရရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အီးဒီဘီသည် ၂၀၂၅ ခုနှစ်တွင် ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာ၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် လျှပ်စစ်ပစ္စည်းအပါအဝင် အခြားစက်မှုလုပ်ငန်းများစွာမှ ပို့ကုန်ဝင်ငွေ ပိုမိုရရှိရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဝယ/၆ဝ၃၈ဝ ယာဉ်လက်ဝယ်ရှိသူ ဦးခန့်စည်သူ ၁ဝ/သထန(နိုင်)၂၆၄၈ဝ၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၁၁၆)၊ မြေဧရိယာ ဝ ဒသမ ၁၄၆ဧကရှိ ဦးစိုးသူလွင် (ဘ) ဦးခင်မောင်လွင် ၁၂/ကမရ(နိုင်)ဝ၁၂၇၅၆ အမည်ပေါက် နှစ်(၃ဝ)မြေငှားစာချုပ်မြေကွက်ကို ဦးစိုးသူလွင်မှ ဒေါ်ယွန်းစန္ဒီမျိုး (ဘ) ဦးမျိုးလွင် ၉/မထလ(နိုင်)၃ဝ၇၆၈၂နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ ၂ဝ၂၄-၂ဝ၂၅ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် 0.4 KVA ဓာတ်အားလိုင်း ၂.၆ဝမိုင်အား လမ်းမီးအပါအဝင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၈-၁၂-၂ဝ၂၄ရက်

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၁ဝ-၁-၂ဝ၂၅ရက်

(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက်** - ၁၁-၁-၂ဝ၂၅ရက်(၁၆:၃ဝ)နာရီ

(ဃ) **တင်ဒါတင်သွင်းမည့်နေရာ** - ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်သည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖုန်း-ဝ၆၇- ၄ဝ၉၂၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန လျှောက်လွှာတင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း

၂၈-၁၁-၂ဝ၂၄ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းကြေညာခဲ့သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆,ဝဝဝ-၂,ဝဝဝ-၂၂၆,ဝဝဝ)နှင့် အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈ဝ,ဝဝဝ-၂,ဝဝဝ-၁၉ဝ,ဝဝဝ) ရာထူးနေရာများအတွက် လျှောက်လွှာတင်သွင်း ရမည့်ရက်ကို ၃၁-၁၂-၂ဝ၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ခြင်းအစား နောက်ဆုံးတင်သွင်းရမည့်ရက်ကို ၂ဝ-၁-၂ဝ၂၅ ရက်အထိ တိုးမြှင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ နယ်မြေ(၂)နေ မောင်အောင်ကျော်မြင့် ၏ ဖခင် ဦးနန်းအောင်နှင့် ဦးထွန်းဝင်း ၅/ကလထ(နိုင်) ၁၈၅ဝဝ၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးနန်းအောင် (ခ) ဦးထွန်းဝင်း

အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)နေ ဒေါ်တင်တင်မြင့် (ဘ) ဦးသန်းရင် ၁၄/ပသန(နိုင်)ဝ၂၉၉၃၁နှင့် ဦးဝင်းသူ(ဘ)ဦးငွေကိုင် ၁၄/ပသန(နိုင်)ဝ၂၉၉၃ဝ တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃ဝကျော်မှ ယနေ့အချိန်အထိ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းလာသည့်အတွက် ပုသိမ်မြို့၊ သစ္စာလမ်းရှိ အမှတ်(၉)တိုက်နှင့်ခြံမြေသည် ဒေါ်တင်တင်မြင့်တို့လင်မယားလက်ထပ်ပွားပစ္စည်းဖြစ်၍ ယင်းပစ္စည်းအားရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ရောင်းဝယ်ခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း၊ အမည်ပြောင်းခြင်း စသည်တို့ကို ပြုလုပ်လာမည်ဆိုပါက ဒေါ်တင်တင်မြင့်နှင့် ဦးဝင်းသူတို့(၂)ဦး၏ သဘောတူညီချက်ဆန္ဒအရသာ ဝယ်ယူရောင်းချ၍ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်လဲ့လဲ့ပြုံး(LL.B,C.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၅၄/၂ဝ၁၄)
အမှတ်(၁/၂)၊ ကျောက်ငူလမ်း၊ ပုသိမ်မြို့။
ဖုန်း-ဝ၉-၆၉၅၈၄၁၈၅၅၊ ဝ၉-၇၅၅၃၇ဝ၃၅၅

တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးကျဟယ်၏ သမီး ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ သမိုင်း(အထူးပြု) ၂ဝ၂၄ပညာသင်နှစ်၊ ၄သ-၆၂(ဝ၂၃) ဖြင့် ဖြေဆိုအောင်မြင်သော မအီကား ၁၃/မဆန(နိုင်)ဝ၄၆၃၄၈(ခ) မနာအီကားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ သမိုင်း(အထူးပြု)၊ ၂ဝ၂၄ပညာသင်နှစ် ၄သ-၆၄(ဝ၂၃) ဖြင့် ဖြေဆိုအောင်မြင်သော မောင်စိုင်းယီရှန်၏ဖခင် ၁၃/မဆန(နိုင်)ဝ၄၅၄၁ဝ ကိုင်ဆောင်သူ ဦးစိုင်းခမ်း(ခ)ဦးစိုင်းမဟာကွမ်းမှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

မိမိပိုင်
နိုင်ငံသား
စိစစ်ရေးကတ်၊
Mobile SIM
Cardı Mobile
Payment
Accountı
Bank Account
များအား
မသက်ဆိုင်သူထံသို့
အခကြေးငွေဖြင့်
ရောင်းချခြင်း၊
ငှားရမ်း
အသုံးပြုစေခြင်းများ
ဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်
အညီ အရေးယူ
ခံရနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၇၃-A)၊ ပထမထပ်(ညာ)တွင်တည်ရှိသည့် အလျား(၂၅ပေ) x အနံ (၆ဝပေ)ပေရှိသည့် တိုက်ခန်း ယင်းတိုက်ခန်းနှင့် ဆက်နွှယ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း။

အထက်ဖော်ပြပါ တိုက်ခန်းအား ၁။ မောင်ခန့်ထွဋ်ကျော်(ခ)မိုဟမ္မဒ်ရှမင်း (၁၂/ကတတ (နိုင်)ဝ၃၂၄၉၃) (ဘ) ဦးဝင်းအောင်လေး(၁၈-၉-၂ဝ၂၄)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်စာ လက်ခံရရှိသူ မလရောင်ဝင်းလတ်) ၂။ မလရောင်ဝင်းလတ် (ခ)ဖရိဇနာဘီ (၁၂/ကတတ(နိုင်)ဝ၃၄၃၇၂) (ဘ)ဦးဝင်းအောင်လေး ၃။မထက်မဒီအောင်(ခ)ဖေရိဇာဘီ (၁၂/ကတတ (နိုင်)ဝ၃၅၈၉၃) (ဘ)ဦးဝင်းအောင်လေးတို့သည် ဖခင် ဦးဝင်းအောင်လေးနှင့် မိခင်ဒေါ်ခင်သီတာအေးတို့က (၁၇-၇-၂ဝ၁၉)ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ယင်းတိုက်ခန်းကို ဖခင် ဦးဝင်းအောင်လေးက (၁ဝ-၂-၂ဝ၂၄)ရက်စွဲပါ **"နှစ်ဦးသဘောတူ တိုက်ခန်းစွန့်လွှတ်ခြင်း ကတိစာချုပ်"**ဖြင့် ရောင်းချသူများအား ပေးအပ်ခဲ့ပြီး ရောင်းချသူများ၏အမည်ဖြင့် မြေရှင်ထံတွင် အိမ်လခများကို ယနေ့တိုင်ပေးသွင်းလျှက် ရောင်းချသူများမှ လက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြီး ရောင်းချသည့် တိုက်ခန်းကိုရောင်းချသူသည် မိမိတို့မှရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ အစိုးရနှင့်မကင်းသော တစ်စုံတစ်ရာပြဿနာပေါ်ပေါက်ထားခြင်း မရှိကြောင်း ရောင်းချသူများမှ တာဝန်ယူ၍ ယခုအပိုင်ဝယ်ယူသူမှ စိတ်ချလက်ချဝယ်ယူနိုင်ကြောင်းကို ရောင်းချသူတို့မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးရောဖိတ်(ခ)ဦးစိုးမြင့် (၁၂/ဒပန(နိုင်)၁၆၅၃၃၇)မှ ရောင်းသူများထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်၍ လူကိုယ်တိုင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စီစီဝင်း (အထက်တန်းရှေ့နေ) (စဉ်-၂၂၇၃၆)
အမှတ်(၁၄၆) ၊ မြေညီထပ် ၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ဝ၉-၂၅ဝ၂၇၈၂၂၈

ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မကွေးခရိုင်တရားရုံးတော်
၂ဝ၂၄ ခုနှစ်၊ ဇာရီမှုအမှတ်-၉၂
၂ဝ၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၃

အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (ကျောက်ပန်းတောင်းဘဏ်ခွဲ)	**နှင့်**	၁။ ဦးခင်မောင်အေး ၂။ ဒေါ်ရီရီမြင့်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

မကွေးမြို့၊ ရွာသစ်ရပ်၊ မဲထီးလမ်း၊ အမှတ်-၁၃၇ နေ (၁)တရားရှုံး ဦးခင်မောင်အေး၊ (၂) တရားရှုံး ဒေါ်ရီရီမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်ပါအမှုတွင် (က) မကွေးမြို့၊ အောင်စေတနာရပ်၊ အကွက်အမှတ် (၁၆၅၆- ကင်း)၊ ဦးပိုင်အမှတ်(က-၄၄၇)၊ ဧရိယာ ဝ ဒသမ ဝ၆ဝ ဧကရှိ ဒေါ်ရီရီမြင့် အမည်ပေါက် နှစ်(၃ဝ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အုတ်ညှပ်အဆောက်အအုံ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကြမ်းခင်းဈေးကျပ်သိန်း(၁၁ဝဝ)ဖြင့်လည်းကောင်း၊ (ခ)မကွေးမြို့၊ အောင်စေတနာရပ်၊ အကွက်အမှတ်(၁၆၅၆-ကင်း)၊ ဦးပိုင်အမှတ်(က-၃၁၉)၊ ဧရိယာ ဝ ဒသမ ဝ၆ဝ ဧကရှိ ဒေါ်ရီရီမြင့် အမည်ပေါက် နှစ်(၃ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် RC အဆောက်အအုံ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကြမ်းခင်းဈေးကျပ်သိန်း (၁ဝ၅ဝ)ဖြင့်လည်းကောင်း၊ ရောင်းချပါမည့်အကြောင်း ဒီကရီရသူ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (ကျောက်ပန်းတောင်းဘဏ်ခွဲ)က လျှောက်ထားသောကြောင့်၊ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂ဝ၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် မွန်းမတည့်မီ ၁ဝ:ဝဝ နာရီ ချိန်းဆိုပြီးဖြစ်သည်။

၂ဝ၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ဝ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းဝင့်ဝင့်ဖြူ)
ဒုတိယခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေး(၃)လမ်း၊ အမှတ်(၁/B)ဟုခေါ် တွင်သော မြေရှင် ဒေါ်ဝင်းသန့်ခိုင်၊ ဒေါ်ခင်ညိုညိုအောင် ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်၏ ပထမထပ် (ခြေရင်းခန်း) အကျယ်အဝန်း (၂ဝ ပေx၅ဝ ပေ)ရှိ တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားရှိသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် ဆက်စပ်ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဝေ (၁၂/ကမရ(နိုင်)ဝ၃၆၅၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိရွှေဇင် (၉/ပမန(နိုင်)၁၂၈၈၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်ခက်ခက်နိုင် (LLB) (စဉ် - ၂၈၆၇၄)ဒေါ်ရီလေးမော် (LL.B) (စဉ် - ၁၄၇ဝ၇)
အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း - ဝ၉-၄၂ဝဝ၈၉၃၈ဝ

အများသိစေရန်ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ အောင်ဗမ္မရိပ်သာရပ်ကွက်၊ မာလာရုံလမ်းသွယ်(၂)၊ အမှတ်(၂၅ဝ)နေဒေါ်အေးအေးဝင်း (ဘ)ဦးမောင်အေး ၁၂/ကမရ(နိုင်) ဝ၄၈၇၉၂ မှ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၉)နေ ဒေါ်ယဉ်ယဉ်လှိုင်ကျော် (ဘ)ဦးချစ်ဖေ ၁၁/ပတန(နိုင်) ဝ၄၅၉၃ဝ သို့ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၂ဝ-၉-၂ဝ၂၃ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂ဝ၅၃/၂ဝ၂၃)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားပါသည်။ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်အေးအေးဝင်း ၁၂/ကမရ(နိုင်)ဝ၄၈၇၉၂
ဖုန်း-ဝ၉-၉၇၅၁၁၁ဝ၆၂

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂ဝ)

ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
၂ဝ၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၃

မြန်မာ့ရှေ့ဆောင်ဘဏ် လီမိတက်(ရုံးချုပ်) GLOBAL TRANSACTION BANKING DEPARTMENT (၎င်း၏ကိုယ်စား ဒေါ်မိုးမို့အောင် - Senior Vice President)	နှင့်	၁။ Siblings Force Co.,Ltd (ကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ် ဒါရိုက်တာ ဦးမင်းသူနိုင်) ၂။ ဦးမင်းသူနိုင် (ဒါရိုက်တာ) Siblings Force Co.,Ltd ၃။ ဦးသိန်းဝင်း (ဒါရိုက်တာ) Siblings Force Co.,Ltd ၄။ ဦးဝင်းအောင် (ဒါရိုက်တာ) Siblings Force Co.,Ltd ၅။ ဒေါ်မိမိအေး (ဒါရိုက်တာ) Siblings Force Co.,Ltd
(တရားလို)		**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်ရတနာ(၁၁)လမ်းနှင့် အမှတ်(၂)လမ်းမကြီးထောင့်၊ အမှတ်(၁၂၁/၁၂၂)နေ (၁)တရားပြိုင် Siblings Force Co.,Ltdı (၂)တရားပြိုင် ဦးမင်းသူနိုင်(ဒါရိုက်တာ) Siblings Force Co.,Ltdı (၄)တရားပြိုင် ဦးဝင်းအောင် (ဒါရိုက်တာ) Siblings Force Co.,Ltd နှင့် (၅)ဒေါ်မိမိအေး (ဒါရိုက်တာ) Siblings Force Co.,Ltd (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **" TRADE Financing ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ (USD –142,085.24) ရလိုမှု"**လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂ဝ၂၅ခုနှစ်၊ ဇန်နဝါရီလ(၂ဝ)ရက်၊ (၁၃၈၆ခုနှစ်၊ ပြာသိုလဆုတ်(၇)ရက်) မွန်းမတည့်မီ(၁ဝ:ဝဝ)နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်း မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂ဝ၂၅ ခုနှစ်၊ ဇန်နဝါရီ လ၊ (၂) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်ဝင်းမြင့်)
ကွဲဖက်ခရိုင်တရားသူကြီး(၁)
ဗိုလ်တထောင်ခရိုင်တရားရုံး

အလုံမြို့နယ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက(၇)၏ ၂ဝ၂၄/၂ဝ၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကို၊ စီမံအဖွဲ့ဝင်(၂) ဦးအောင်စိုး၊ စီမံအဖွဲ့ဝင်(၃) ဦးဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိင်္ဂီတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင် နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့နယ်အဆင့်၊ ကျောင်းအဆင့် ပညာရည်ချွန်ဆု၊ အားကစားဆု၊ ဘက်စုံထူးချွန်ဆု၊ ဘာသာရပ်အလိုက် သင်ကြားပြသပေးသော ဆရာမများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

တင်ဝင်းလေး
(ကြည့်မြင်တိုင်)

အမည်မှန်

(ဘ) ဦးဇေနောင်ထွန်း ၁၂/အစန(နိုင်)၁၆၉၈၃၅၏သား ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ အမက (၁) Grade-3 တွင် ပညာသင်ကြားနေသော မောင်ထက်မြတ်အောင်၏ အမည်မှန်မှာ မောင်ထူးချွန်ရဲရင့် ဖြစ်ပါကြောင်း။

မောင်ထူးချွန်ရဲရင့်

ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၆၅၃)၊ ပိတောက်ရွှေဝါ (၃) လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဦးသန်းထွန်း အမည်ပေါက်မြေချပါမစ်(မူရင်း)အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၏ ၃၀-၈-၂၀၂၄ ရက်စွဲပါ ပိုင်ဆိုင်ကြောင်း မြွက်ဟအနိုင်ဒီကရီ အမိန့်ရရှိသူ ဦးကျော်မင်း ၁၂/မရက(နိုင်)၀၇၆၆၇၅မှ ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ၎င်းအားမြေချပါမစ် ပြန်လည်ထုတ်ပေးခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဘဏ်ခွဲမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ဘဏ်ခွဲ(၄)၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ (အထက-ခွဲ)ညောင်ကုန်းမှ မူလတန်းပြ တာဝန်ထမ်း ဆောင်နေသော ဦးခရစ္စတိုဖာဝင်းအောင် လီးယား (ခ) ဦးခရစ်စတိုဖာဝင်းအောင်လီးယားနှင့် ဦးဝင်းအောင် ၅/ကလထ(နိုင်)၀၉၇၉၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့၊ လေးထပ်ပြင် မျိုးသန့်ခြံတွင် လုပ်သားမှုးရာထူးတာဝန်ထမ်းဆောင်နေသော(ဘ)ဦးမောင်ကြည်၏သား ဦးတင်ဝင်း ၇/ပတတ(နိုင်)၀၆၃၂၉၅ နှင့် ဦးထွန်းထွန်း အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတင်ဝင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)

ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၂

ဦးစိုးနိုင်ပါ-၃	နှင့်	ဦးဟံဝင်းအောင်
တရားလိုများ		**တရားပြိုင်**

ဦးဟံဝင်းအောင်၊ အမှတ်(င-၂၀၂/၂၀၃)၊ နဝရတ်လမ်းသွယ်-၃၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ (ယခုနေ ရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးစိုးနိုင်ပါ-၃ဦးက သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ-၄၂ အရ အချင်းဖြစ်မြေကွက်အား တရားလိုများက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် မြေကွက်အားလက်ရောက်ရလိုမှုအတွက် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် (၁၃၈၆ခု၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးညွှန့်)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ငူမြို့၊ ကျွန်းကုန်းကျေးရွာ၊ မြောက်ပိုင်းရပ်ကွက်၊ (၁)လမ်းနေ (ဘ) ဦးညို ၏သား ဦးသန်းမြင့် ၁၂/မဘန(နိုင်)၀၁၇၇၈၄ ၏ ညွှန်ကြားချက်အရ အသိပေး ကြော်ငြာအပ်ပါသည်။

ကျွန်တော်၏ ညီမအရင်းဖြစ်သူ ဒေါ်ခင်ခင်လှ၏ သဘောဆန္ဒနှင့်အညီ ၎င်းပိုင်ဆိုင်သော တောင်ငူမြို့ (၁၃)ရပ်ကွက်၊ ဆရာဖြေလမ်း၊ အိမ်အမှတ်-၃၅၁၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀.၁၇၀)၊ ကွင်းအမည်(ဈေးတန်း)၊ အကွက်အမှတ်(၅/ခ) မြေစာရင်းအခေါ်ဖြစ်သော ခြံမြေကွက်နှင့် ထိုခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနှစ်ထပ် အိမ်အားညီမအရင်းဖြစ်သူ (ဒေါ်ခင်ခင်လှ) ကွယ်လွန်ပြီးနောက် ၎င်း၏ဆန္ဒအတိုင်းတောင်ငူမြို့နယ်၊ မြို့နယ်သံဃနာယကအဖွဲ့သို့ လှူဒါန်းမည်ဖြစ်ပါကြောင်းနှင့် ထိုလှူဒါန်းမှုအား မြေစာရင်းဌာန၌ မှတ်ပုံတင်စာချုပ်ချုပ်ဆိုလှူဒါန်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ၎င်းတို့နှင့် သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများအပြည့်အစုံယူလာ၍ ဦးသန်းမြင့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအထက်ပါအိမ်ခြံမြေအားလှူဒါန်းမှုမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဤကြော်ငြာပါသည့် (၇)ရက်အတွင်း နောက်ပိုင်းမှလာရောက်ကန့်ကွက်ပါက ကန့်ကွက်မှုအကျုံးမဝင်တော့ပါကြောင်းကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ -	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးသန်းမြင့်	**ဒေါ်သိမ့်မြတ်မွန် (LL.B)**
၁၂/မဘန(နိုင်)၀၁၇၇၈၄	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၉)**
	(၁၃)ရပ်ကွက်၊ ဆရာဖြေလမ်း၊ တောင်ငူမြို့
	ဖုန်း-၀၉-၄၂၈၁၄၇၉၄၉

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9A/8701 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၈/၁၀)တွင် နေထိုင်လျက်ရှိသော ဒေါ်နုရွှေစင်(ခ) ဒေါ်ချိုချိုအောင် ၁၂/ဒလန(နိုင်)၀၂၇၅၈၇မှ အများသိစေရန် ကြေညာအပ်ပါသည်။

(၁၁-၉-၂၀၂၄)ရက် မြန်မာ့အလင်းသတင်းစာတွင် မိခင်ကြီး ဒေါ်ခင်ဌေး ၁၂/ဒလန(နိုင်)၀၂၇၅၈၅မှသားဖြစ်သူ ဦးဝင်းသီဟမောင် ၁၂/ဒလန(နိုင်)၀၀၀၅၄၀အား အမွေပြတ်ကြေညာခဲ့ပါသည်။

ထိုသို့ မိခင်ကြီးမှ အမွေပြတ်ကြေညာခဲ့သော်လည်း ကျွန်မ၏ တစ်ဦးတည်းသော မောင်ဖြစ်သူ ဦးဝင်းသီဟမောင်နှင့် ကျွန်မသည် ပြဿနာတစ်စုံတစ်ရာဖြစ်ခဲ့ခြင်း၊ ရန်ဖြစ်ခဲ့ခြင်းမျိုးမရှိခဲ့ဘဲ ယနေ့အချိန်အထိ မောင်နှမနှစ်ဦး အေးချမ်းကြည်သာချစ်ခင်စွာဖြင့် ပြောဆိုနေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုရွှေစင်(ခ) ဒေါ်ချိုချိုအောင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/3224,Honda FIT GE6,HATCH BACK ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကျော် ၁၂/ဒလန(နိုင်)၀၂၄၉၈၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

အများသိစေရန် အသိပေးကြေညာခြင်း

ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ငုဝါလမ်းနေ ဦးသန်းဝင်းနှင့် ဒေါ်မြင့်မြင့်ဌေးတို့၏ သားသမီးများ ဖြစ်ကြသော (၁) မထက်စုဟန်၊ (၂) မောင်ဇော်ထက်၊ (၃) မောင်ရဲသီဟကျော် တို့မောင်နှစ်မ (၃)ဦး၏လွှဲအပ်ချက်အရ အများသိစေရန် အသိပေးကြေညာပါသည်။

ဦးသန်းဝင်းနှင့် ဒေါ်မြင့်မြင့်ဌေးတို့ ဇနီးမောင်နှံကွယ်လွန်ပြီးချိန်တွင် ရရန်ကြွေး၊ ပေးရန်ကြွေးများကို သားသမီးများက သတင်းစာမှ ကြော်ငြာ၍ ဖြေရှင်းဆောင်ရွက်လိုပါသည်။ (၁) ဦးသန်းဝင်းနှင့် ဒေါ်မြင့်မြင့်ဌေးတို့အား ပေးရန် ကြွေးရှိသူများအားလုံးက ကြွေးများကို (၂၅-၁-၂၀၂၅)ရက် နောက်ဆုံးထားပြီး မောင်နှစ်မ (၃)ဦးထံ တိုက်ရိုက်ပေးဆပ်ကြရန် ဆောင်ရွက်စေလိုပါသည်။ (၂) ဦးသန်းဝင်းနှင့် ဒေါ်မြင့်မြင့်ဌေးတို့ထံမှ ရရန်ကြွေးရှိသူများသည် မှန်ကန်သော စာချုပ်စာတမ်း၊ တရားဝင်အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ မထက်စုဟန်ပါ မောင်နှစ်မ (၃)ဦးထံသို့ဖြစ်စေ (၂၅-၁-၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း လာရောက်တွေ့ဆုံဖြေရှင်းကြရန် အသိပေးကြေညာပါသည်။ ယနေ့မှစ၍ (၂၅-၁-၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကြွေးငွေများကို နောက်နောင် လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဦး (ဥပဒေတွဲ့)
တရားလွှတ်တော်ရှေ့နေ စဉ်-၃၅၁၁(၁၉-၁၂-၈၅)
၂၈(ပ)ထပ်၊ လှော်ကားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၈၅၈၇၇၄၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ်(၂၄)၊ နန်းအောင်မြေ၊မြေကွက် အမှတ်(၈)၊ မြေဧရိယာ ၀ ဒသမ ၀၆၃ဧက အကျယ်အဝန်းရှိ မြေကွက်ကို ပဲခူးခရိုင်မြို့မြေအမှုအမှတ် ၁၁၂/ငါး/၂၀၀၅-၂၀၀၆အရ ဒေါ်မြသန်း အမည်ဖြင့် ရရှိထားသော မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံး သွားပါသဖြင့် ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် မိတ္တူကူးယူခွင့် လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြသန်း
၁၂/ပဇတ(နိုင်)၀၀၂၄၁၈

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၈၇၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက အကျယ်အဝန်းရှိ မြေကွက်ကို ပဲခူးခရိုင်မြို့မြေအမှုအမှတ် ၅၃၄/ငါး/၂၀၀၂-၂၀၀၃အရ ဦးသန်းစိုးအမည်ဖြင့် ရရှိထားသော မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မိတ္တူကူးယူခွင့်လျှောက် ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းစိုး
၇/ပခန(နိုင်)၀၃၁၂၈၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြင့်မြင့်ဦး (၁၂/ဗဟန(နိုင်)၀၁၂၂၈၄)၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၅/သမိုင်း၊ မြေကွက်အမှတ်- ၁/ခ-၇၇၊ (တစ်နည်းအားဖြင့်) မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၅)လမ်း၊ ခြံအမှတ်-၁၁၁၇/E၊ မြေဧရိယာ- ၀.၁၄၈ဧက၊ နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဒေါ်လှဲ့လှဲ့အေး (၁၂/အစန(နိုင်)၀၀၂၀၇၈)မှ ယင်းမြေနှင့်မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းသာလျှင် တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီးလိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)	**ဦးရဲမြင့်အောင်(LL.B)**
(စဉ်-၁၂၉၈၆/၂၀၁၇)	**(စဉ်-၄၁၇၀၃/၂၀၁၃)**
(တရားလွှတ်တော်ရှေ့နေ)	**ဒေါ်တင်ဇာမျိုး(LL.B)**
	(စဉ်-၄၅၂၆၅/၂၀၁၄)
	(အထက်တန်းရှေ့နေများ)

အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3902 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၇/၁က)၊ ဦးပိုင်အမှတ် (၃၂)၊ မြေ ဧရိယာ(၀.၂၅၄)ကေရှိမြေကွက်သည် ဒေါ်နှောင်းနှောင်းထွန်း ၁/မကန(နိုင်)၀၉၄၄၁၅ အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်နှောင်းနှောင်းထွန်း အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၇/၂)၊ ဦးပိုင်အမှတ်(၁၆/ခ)၊ မြေဧရိယာ(၀.၀၆၇)ကေရှိ မြေကွက်သည် မူလက ဒေါ်ဘီစန္ဒးမာယာအမည်ဖြင့် (၁၆-၃-၂၀၁၆)ရက်အထိ(၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ဘီစန္ဒးမာယာက (၄-၉-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၁၉/၂၀၂၄)အရ မူလမြေဧရိယာ(၀.၀၆၇)ကေအနက်မှ အရှေ့ဘက်ခြမ်း ဧရိယာ (၀.၀၄၀)ကေအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ဆာရာဆိုသီ၁/မကန(နိုင်)၀၈၁၃၈၀ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဆာရာဆိုသီ အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်(၁၆က/၅)၊ ဦးပိုင်အမှတ်(၈၆/၂)၊ မြေဧရိယာ(၀.၀၈၈)ကေရှိ မြေကွက်သည် မူလက ဦးနာရိမ်းပရာဆပ် အမည်ဖြင့် (၂၄-၂-၂၀၄၄)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးနာရိမ်းပရာဆပ်နှင့်ဇနီး ဒေါ်ဂိုမားဒေဗီ(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သား သမီးများဖြစ်သည့် ဦးဆဒါနန်ဒါ၊ ဦးဟာရီဘောက်တာ၊ ဒေါ်ပါတ်မာဒေဗီ၊ ဦးချန္ဒရာလားလ်၊ ဦးဒေလီရမ်း၊ ဦးခင်ပရာဆပ်၊ ဒေါ်တီကာဒေဗီ၊ ဦးဒီကူမားရ်၊ ဦးအာနာပါတီ(ခ)ကီစန်း (၉)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၉)ဦးအနက်မှ (၈)ဦးက(၂၈-၁၀-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၈၈/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးအာနာပါတီ(ခ)ကီစန်း၊ ၁/မကန(နိုင်)၁၀၇၃၉၄ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဦးအာနာပါတီ(ခ)ကီစန်း အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၂၃၆၇၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာထွန်း ၁၀/မလမ(နိုင်)၂၃၇၉၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/54313 ယာဉ်လက်ဝယ်ရှိသူ ဦးသစ်လွင် ၇/ဝမန(နိုင်)၁၄၉၂၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

သွာနုတ္တသမီးများအဖြစ် ကြော်ငြာ၍ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ သရက်ကုန်း မော်ရုံကျောင်းလမ်း၊ အမှတ်- ၇၁ နေ ဒေါ်စန်းစန်းဌေး (၁၀/မလမ(နိုင်)၁၃၆၈၅၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာပါသည်-

မနှင်းဝတ်မှုံ (၁၀/မလမ(နိုင်)၂၇၀၁၃၀)နှင့် မဖြူစင်သွယ်(၁၀/မလမ(နိုင်) ၂၉၁၉၀၃)တို့သည် ကျွန်ုပ်မိတ်ဆွေ၏သမီးများဖြစ်ကြပြီး မိခင်ဖြစ်သူအား ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်စေရန် အမျိုးမျိုးဆောင်ရွက်ခဲ့ကြသည့်အပြင် မိခင်၏ သွန်သင်ပြောပြဆိုဆုံးမစကားများကို နားထောင်ခြင်းမပြုကြသောကြောင့် ဤကြော်ငြာစာသတင်းစာတွင်ပါသည့်ရက်မှစ၍ ၎င်းတို့နှစ်ဦးအား သွာနုတ္တသမီးများအဖြစ် ကြော်ငြာ၍ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်စန်းစန်းဌေး	**လွှဲအပ်ညွှန်ကြားချက်အရ-**
လွှဲအပ်ညွှန်ကြားသူ	**ဦးအာကာနိုင်မင်း**
	စဉ်- ၅၂၈၂၁
	အထက်တန်းရှေ့နေ
	အမှတ်- ၃၄ ၊ မဟာသီရိလမ်း၊
	ဆန်တန်းရပ်၊ ဈေးကြိုရပ်ကွက်၊
	မော်လမြိုင်မြို့

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဦးနိုဝယ်လ်(ခ)အောင်သက်နိုင်+၁	၁၂/ဥကမ(နိုင်)၁၁၈၀၅၅	င/၂၄၄၊ ရွာလယ်လမ်း၊ ဓ/မြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်း	၂၆	၃၁/ခ-၁ Portion	မောင်နေဒွန်း၊ မစော(-)
၂	ဦးအောင်မင်း+၁	၁၂/သဃက(နိုင်)၀၀၈၂၂၁	၂၈၅/က၊ မိဂသီလမ်းနှင့်မိဂသီ(၂၁)လမ်းထောင့်၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ	၁၂	၂၈၅/က	ဒေါ်ခင်နှင်းအေး၊ ဦးထွန်းဝင်းနိုင်

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ချောင်းသာမြို့နေ ကျွန်မ တွယ်တာနီး ၁၄/ ရသယ(နိုင်)၀၀၂၄၅၃၏ နိုင်ငံကူး လက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၅၀၅၉၈၅၇၂

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ရာဒါ ၁/မကန(နိုင်) ၁၈၄၇၈၇၏ ပတ်စ်ပို့နံပါတ် (MA-582247)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၀၃၆၂၈၈

တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ (၁၄ က)နေ ဦးစန်းမြင့် ၈/ရနခ(နိုင်)၀၄၁၀၅၉၏သမီး မသန်းသန်းထွေး (ခ)မယဉ်ယဉ်ထွေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/6245, Hyundai Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ Yangon Northern Taikkyi Thar Public Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18816, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန့်ဂွန်းလဲ့ခိုင်မင်း ၁၄/အမန(နိုင်) ၁၅၆၈၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အမည် RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၆၅-ဌ)၊ ဧရိယာ ၀ဒသမ ၂၈၉ ဧကအကျယ်ရှိ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်ဖြူဥ ၉/မမန(နိုင်)၀၁၃၄၈၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊
ပြင်ဦးလွင်မြို့

စာအုပ်
စာပေ
လူ့မိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)
(၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား) မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် B.C.Sc./ B.C.Tech. ဘွဲ့သင်တန်း ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ (၁၃) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို မြစ်ကြီးနားတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၅-၂-၂၀၂၅ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၆-၂-၂၀၂၅ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင်ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော (၁.၅"x၂") အရွယ် ရောင်စုံဓါတ်ပုံ (၅) ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ယူရန်ဟုထင်ရှားစွာ ဖော်ပြလျက် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်** အရောက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀/- (တစ်ထောင်ကျပ်တိတိ)ကို ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှဘွဲ့ရ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ ဘွဲ့နှင်းသဘင် ကျင်းပမည့်အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉- ၄၄၂၄၃၂၂၂၅၊ ၀၉-၇၉၇၂၉၆၄၆၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန်ကြေညာခြင်း

ဦးအောင်သူမင်း (၁၂/ဥကမ(နိုင်)၁၉၈၁၆၃)နှင့် ဒေါ်ပြည့်ထက်ငြိမ်း (၁၂/လကန(နိုင်)၂၁၄၈၃၃)တို့သည် တရားရုံးတော်တွင် (၂-၁-၂၀၂၅) ရက်၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားဝင်ကွာရှင်းပြီးဖြစ်ပါသဖြင့် နောက်နောင်တွင် ဒေါ်ပြည့်ထက်ငြိမ်းနှင့် ပတ်သက်ပြီးဖြစ်ပေါ်လာသည့် ကိစ္စအဝဝသည် ဒေါ်ပြည့်ထက်ငြိမ်းနှင့်သာ သက်ဆိုင်ပြီး ဦးအောင်သူမင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ၍ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးကျော်စွာမြင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၂)
LL.B. DB.L, DIL WIPO (Switzerland)
အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ Ph:09-450027746

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
မြစ်သားမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၂၆

ဒုအရာခံဗိုလ်အောင်ကျော်မင်း **နှင့်** မယုဝါဖြိုး
တရားလို **တရားပြိုင်**

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ အမှတ် ၂၄၂၊ စက်လက်နက်ပစ္စည်းတပ်ခွဲနေ တရားပြိုင် မယုဝါဖြိုး (ဘ) တပ်ကြပ်ကြီး ညီညီအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒုအရာခံဗိုလ်အောင်ကျော်မင်းမှ လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ်ငင်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီဟဇော်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မြစ်သားမြို့နယ်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏
(၁၈)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့အတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၈)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၁၅-၂-၂၀၂၅(စနေနေ့)
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၆-၂-၂၀၂၅(တနင်္ဂနွေနေ့)

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)၌ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ ၂၀၂၃ခုနှစ်၊ ဧပြီလတွင်ထုတ်ပြန်ခဲ့သော ဘွဲ့ရစာမေးပွဲ အောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - BE ဘွဲ့အတွက် ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) **အဝေးရောက်ဘွဲ့** - B.E ဘွဲ့အတွက် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံ ပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲxနှစ်လက်မ)အရွယ် ဓါတ်ပုံ (၅)ပုံ (ဓါတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်း၊ ဆံပင်ဆေးဆိုးခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို **၉-၁-၂၀၂၅ရက် (ကြာသပတေးနေ့)** မှစ၍ မိမိတို့ စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာနသို့ ပြည့်စုံစွာဖြည့်စွက်ပြီး **၂၂-၁-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)** နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

(အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကို စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာန။ ဖုန်း-၀၉-၃၄၉၀၁၆၉၈၄/၀၉-၄၄၀၀၀၆၀၄၆)တွင် စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ အောက်ချိုင်းအကွက်၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ (၀.၀၆၁)ဧကအား ဦးခင်းဆောင် (၉/ကဆန(နိုင်)၀၉၇၂၇၆)မှ မြေငှားဂရန်(အမည်ပြောင်း) (သက်တမ်းတိုး) လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့် ပတ်သက်သည့် တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ ကန့်ကွက်လာမှုမရှိပါက ဦးခင်းဆောင်၏ မြေငှားဂရန်(အမည်ပြောင်း)(သက်တမ်းတိုး) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကျောက်ဆည်မြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ (သူဇာ တိုးချဲ့ ကွက်သစ်)၊ ဦးပိုင်အမှတ်(က/၃၀၈)၊ ဧရိယာ(၀.၀၈၃)ဧက အကျယ်ရှိ ဦးတင်မောင်အမည်ဖြင့် ချထားပေးသည့် မြေကွက်ကို ဦးတင်မောင်မှ အခြားသူထံသို့ လွှဲပြောင်းရောင်းချခဲ့ပြီးနောက် ဦးမြင့်တင် (ဘ) ဦးရဆယ် ၅/အရတ(နိုင်) ၀၃၁၄၀၇နှင့် ဒေါ်အမာရီ (ဘ) ဦးလှမောင် ၅/စကန(နိုင်) ၀၄၆၄၂၂ တို့မှ ဆက်စပ်စာချုပ် စာတမ်းများဖြင့် ပြန်လည်ဝယ်ယူကာ လက်ရောက် လွှဲပြောင်းရရှိလာခဲ့သော အိမ်ဝင်းမြေဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဦးမြင့်တင်နှင့် ဒေါ်အမာရီ ပိုင်ဆိုင်လာခဲ့သည်ဆိုသော ဧရိယာ(၀.၀၈၃)ဧက အကျယ်ရှိ ဝင်းမြေကို (၂၇-၁၂-၂၀၂၄) ရက်တွင် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နန်းဦးဝေ ၅/ရဘန(နိုင်)၂၁၇၉၉၆ က ဦးမြင့်တင်နှင့် ဒေါ်အမာရီ တို့ထံမှ **"နှစ်ဖက်သဘောတူ အိမ်ဝင်းမြေ (စရန်ပေး) အရောင်းအဝယ်ကတိစာချုပ်"**ကို ချုပ်ဆို၍ အိမ်ဝင်းမြေဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး၊ ကျန်ငွေပေးချေကာ **"အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်"**အား ဆက်လက်၍ ချုပ်ဆိုကြတော့မည် ဖြစ်ပါသည်။

သို့ဖြစ်ရာ အဆိုပါအိမ်ဝင်းမြေနှင့်ပတ်သက်၍ သက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက **"အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"** မချုပ်ဆိုမီ ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ကျွန်ုပ်၏ ထံသို့ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်း (မူရင်း) အရပ်ရပ်နှင့်တကွ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ကန့်ကွက်မည့်သူမရှိဟု မှတ်ယူကာ အထက်ပါကိစ္စရပ်ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားတော့မည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းဦးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမင်းဌေး (LL.B) တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၃၉၃၀)
အမှတ်(၁၀)၊ ကုန်းဘောင်ရပ်ကွက်၊ဖန်စီ(၂)လမ်း၊ ရွှေဘိုမြို့၊
Ph-09-43002437/ 09-777961305

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပခုက္ကူတက္ကသိုလ်
ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ ပခုက္ကူတက္ကသိုလ်(နေ့သင်တန်း)မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

နံနက်ပိုင်း

ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် - ၁၁-၁-၂၀၂၅ (စနေနေ့)နံနက်(၉:၃၀)နာရီ
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ - မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ဘူမိဗေဒ။
(ဝိဇ္ဇာ/သိပ္ပံ)ဂုဏ်ထူးဘွဲ့ - အင်္ဂလိပ်စာ၊အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊သင်္ချာ၊သတ္တဗေဒ၊ရုက္ခဗေဒ၊ ဘူမိဗေဒ။
(ဝိဇ္ဇာ/သိပ္ပံ)ဘွဲ့ - မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ဘူမိဗေဒ။

၂။ ပခုက္ကူတက္ကသိုလ် (အဝေးသင် သင်တန်း)မှ ၂၀၂၄ပညာသင်နှစ် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါမည်-

နံနက်ပိုင်း

ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - ၁၂-၁-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် (၉:၃၀)နာရီ
(ဝိဇ္ဇာ/သိပ္ပံ)ဘွဲ့ - မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊သတ္တဗေဒ။

၃။ **အစမ်းလေ့ကျင့်ရက်**

နေ့သင်တန်း ဘွဲ့ယူမည့်သူများ၏ အစမ်းလေ့ကျင့်ခြင်းကို (၁၀-၁-၂၀၂၅)ရက် (သောကြာနေ့) နံနက်(၈:၃၀)နာရီတွင်လည်းကောင်း၊အဝေးသင် သင်တန်း ဘွဲ့ယူမည့်သူများ၏ အစမ်းလေ့ကျင့်ခြင်းကို (၁၀-၁-၂၀၂၅)ရက် (သောကြာနေ့)၊ မွန်းလွဲ (၁:၀၀)နာရီတွင် လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

၄။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ ဘွဲ့နှင်းသဘင် တက်ရောက်ကြရပါမည်။

၅။ အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၆။ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်လက်မှတ်၊ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့်ဘွဲ့ဝတ်စုံများကို (၆-၁-၂၀၂၅)ရက်(တနင်္လာနေ့)မှစ၍ ဘွဲ့ကြေးငွေ သွင်းပြေစာတင်ပြ၍ ပခုက္ကူတက္ကသိုလ် (ပင်မဆောင်)တွင် ထုတ်ယူရမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အစီအစဉ်ကို ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပါမည်။

ဌာနမှူး၊ သင်တန်းရေးရာဌာန
ပခုက္ကူတက္ကသိုလ်

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မနောရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဂျာဆိုင်းစင်၊ Grade-10 မှ မောင်ဇော်ဆိုင်းနော်နှင့် Grade-6 မှ မောင်ဇော်ဒွဲအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဂွမ်ဂျတ် ၁/ကမန(နိုင်)၀၁၈၈၆၅ ဖြစ်ပါကြောင်း။

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မင်းရပ်ရပ်ကွက်၊ အကွက်အမှတ် (၂၆)၊ ဦးပိုင်အမှတ်(၇၄)၊ မြေဧရိယာ (၀.၀၈၃)ဧကရှိမြေကွက်သည် မူလက ဒေါ်သန်းသန်းအေး အမည်ဖြင့် (၃၀-၆-၂၀၂၄) ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်သန်းသန်းအေးသည် (အပျိုဘဝဖြင့်) ကွယ်လွန်သွားခဲ့ပါသဖြင့် ၎င်း၏ မောင်နှမအရင်းချများဖြစ်သည့် ဒေါ်ညွှန့်ညွှန့်စိန်၊ ဦးကျော်ဝင်း၊ ဒေါ်ရီရီ (၃)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင် (၃)ဦးအနက်မှ ဒေါ်ရီရီက (၂၂-၁၂-၂၀၂၁)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၅၂/၂၀၂၁)အရ ဒေါ်ညွှန့်ညွှန့်စိန်၊ ဦးကျော်ဝင်း (၂)ဦးထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ဒေါ်ညွှန့်ညွှန့်စိန်ပါ (၂)ဦးတို့က(၂၄-၆-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၂၇/၂၀၂၄)အရ ဦးလင်းထက်မောင် ၁/မကန(နိုင်)၁၁၆၄၇၅၊ ဒေါ်နုနုဝင်း ၁/မကန(နိုင်)၁၃၄၁၃၈ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးလင်းထက်မောင်ပါ(၂)ဦးက **"ရွှေယောက်ဖဟိုတယ်"** လုပ်ငန်းဆောင်ရွက်ရန်အတွက် (စက်မှု/စီးပွား)မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကော်လိတ်တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အမည်ပြောင်း

ဦးအောင်သွင်ဦး၏ သမီး၊ နေပြည်တော် CAE ကိုယ်ပိုင် အထက်တန်းကျောင်း Grade-10 မှ မယုဝတီသွင်အား မယုဝတီခင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ကြားလန့် ၁/မကန(နိုင်)၀၉၉၇၅၃ ၏ ပတ်စ်ပို့နံပါတ်(MB-357375)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၉၆၀၃၃၀၅**

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဒါရှီဆွတ်နန်လာ ၁/ဝမန(နိုင်)၁၁၆၈၀၅၏ ပတ်စ်ပို့နံပါတ်(MH-684729)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၄၂၂၁၀၉၆**

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၆၁-က/ရေငယ်-မ)၊ ဦးပိုင်အမှတ် (၆၁)၊ မြေဧရိယာ(၃.၄၈)ဧကအား ဦးမောင်ဖြူအမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိထားသောမြေဖြစ်ပါသည်။ အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မှာ ပျောက်ဆုံးနေပါသဖြင့် အသစ်လျှောက်ထားနိုင်ရေးအတွက် ဦးမောင်ဖြူ(ဘ)ဦးဖန် ၉/မမန(နိုင်)၀၄၂၆၆၈ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မိုးညှင်းတက္ကသိုလ်
တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မိုးညှင်းတက္ကသိုလ်၏ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် **နေ့သင်တန်း**မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မိုးညှင်းတက္ကသိုလ်၏ စတုတ္ထနှစ်၊ တတိယနှစ်ဂုဏ်ထူးတန်းနှင့် မဟာတန်း ဒုတိယနှစ် စာမေးပွဲအောင်မြင်သူများအတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့များနှင့် **အဝေးသင်သင်တန်း**မှ ၂၀၂၄ ပညာသင်နှစ် စတုတ္ထနှစ်စာမေးပွဲအောင်မြင် သူများအတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့များကို တက်ရောက်ဘွဲ့(သို့မဟုတ်) အဝေးရောက်ဘွဲ့များ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့(သို့မဟုတ်)အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက် လွှာပုံစံများကို ဤတက္ကသိုလ်သင်တန်းရေးရာဌာနမှ ရယူဖြည့်စွက်ပြီး(၆-၁-၂၀၂၅)ရက်မှ (၂၃-၁-၂၀၂၅) ရက်နေ့အထိ (၂" x ၁.၅") ပတ်လည်အရွယ်ရှိ ကပ်ခွာ(sticker) ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ယူသူများအတွက် (၁၅၀၀ိ/)(ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူသူများအတွက် (၁၀၀၀ိ/)(ကျပ်တစ်ထောင်တိတိ)ဖြစ်ပြီး မိုးညှင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ကြေးလက်ခံဌာနသို့ ပေးသွင်းရပါမည်။

၄။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေးပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါ သည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မိုးညှင်းတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။ ဘွဲ့နှင်း သဘင် လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင် တင်သွင်းရမည်ဖြစ်ပြီး ဘွဲ့လက်မှတ် လာရောက်ထုတ်ယူသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်ကာလအတွင်းမှာသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ(သို့မဟုတ်) မြန်မာတိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ရပါမည်။ အမျိုးသားများသည် အနောက်တိုင်းဝတ်စုံအပြည့်အစုံကို ဝတ်ဆင်လိုပါက ဝတ်ဆင်နိုင်ပါသည်။

၇။ ယခင်နှစ်မှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို မိုးညှင်းတက္ကသိုလ်သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး-
သင်တန်းရေးရာဌာန
မိုးညှင်းတက္ကသိုလ်

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၉/၁၀က)၊ ဦးပိုင်အမှတ်(၂၃/၁က-၂)၊ မြေဧရိယာ(၀.၁၃၀)ဧကရှိမြေကွက်သည် မူလကဒေါ်ဂျာနန် အမည်ဖြင့်(၁၅-၁-၂၀၄၇)ရက်အထိ နှစ်(၃၀)မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်ဒေါ်ဂျာနန်(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာ ရရှိသူ ဒေါ်လုအောင်) က (၂၁-၈-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၉၂/၂၀၂၄)အရ ဒေါ်ဒေါင်နော၊၁/ဝမန(နိုင်)၀၄၆၄၇၈ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါအဆိုပါမြေကွက်အား ဒေါ်ဒေါင်နောအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက် ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မန္တလေး)
(၂၀)ကြိမ်မြောက် B.E/B.Arch နှင့် M.Eဘွဲ့အတွက် ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မန္တလေး)၏ (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကိုအောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း	-	(၁၃-၂-၂၀၂၅)ရက် (ကြာသပတေးနေ့)၊ (၁၄-၂-၂၀၂၅)ရက် (သောကြာနေ့)
ဘွဲ့နှင်းသဘင်ကျင်းပခြင်း	-	(၁၅-၂-၂၀၂၅)ရက် (စနေနေ့)၊ (၁၆-၂-၂၀၂၅)ရက် (တနင်္ဂနွေနေ့)

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်နိုင်ပါသည်။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ထုတ်ပြန်ခဲ့သော ME အောင်မြင်သူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/ B.Arch သင်တန်းအောင်မြင်သူများ တက်ရောက်နိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - B.E/ B.Arch နှင့် ME ဘွဲ့အတွက် ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက်ဘွဲ့ - B.E/ B.Arch နှင့် ME ဘွဲ့အတွက် ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထား သော (တစ်လက်မခွဲ x နှစ်လက်မ) အရွယ်ဓာတ်ပုံ(၅)ပုံ(ရောင်စုံ) (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူး ခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို (၆-၁-၂၀၂၅)ရက်(တနင်္လာနေ့) မှစတင်၍ နည်းပညာတက္ကသိုလ် (မန္တလေး) သင်တန်းရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၃၁-၁-၂၀၂၅)ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ရမည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို ဝတ်ဆင်၍ တက်ရောက်နိုင်သည်။ အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက် ။ အသေးစိတ်အချက်အလက်များ သိလိုပါက နည်းပညာတက္ကသိုလ်(မန္တလေး) သင်တန်းရေးရာဌာန ဖုန်း-၀၉-၉၈၈၄၈၄၁၇၂ တွင် စုံစမ်းနိုင်ပါသည်။

သင်တန်းရေးရာဌာန
နည်းပညာတက္ကသိုလ်(မန္တလေး)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၁၁၆)၊ ဧရိယာ ၀ဒသမ၁၄၆ ဧကရှိဦးစိုးသူလွင်(ဘ)ဦးခင်မောင်လွင် ၁၂/ကမရ(နိုင်)၀၁၂၇၅၆အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ် မြေကွက်ကို ဦးစိုးသူလွင်မှ ဒေါ်ယွန်းစန္ဒီမျိုး(ဘ)ဦးမျိုးလွင် ၉/မထလ(နိုင်)၃၀၇၆၈၂နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ သုမနလမ်း၊ တိုက်အမှတ်(၁၁၂၅)၊ မြေပေအကျယ် (၄၀x၆၀)ပေရှိမြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈)ထပ် RCအဆောက်အအုံမှ ရောင်းချသူ ဦးထင်လင်း ၉/မရတ(နိုင်)၀၁၁၉၄၀ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တတိယထပ်(၄-လွှာ)၊(B-4)၊ အခန်းအကျယ် အဝန်း(၁၉x၅၄)ပေ၊ အမြင့်(၉)ပေရှိတိုက်ခန်း တစ်ခန်းကိုရောင်းချသူက မိမိသာတရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့်အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက်ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L (W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊
(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(သန်လျင်)၏
(၂၀)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း	-	၁၅ - ၂ - ၂၀၂၅ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း	-	၁၆ - ၂ - ၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော M.E. / B.E. / B.Arch. စာမေးပွဲအောင်မြင်ပြီးသူများနှင့် နှစ်ဟောင်းမှ B.E. / B.Arch. / B.Tech. သင်တန်းအောင်မြင်၍ ဘွဲ့လျှောက်လွှာတင်ခြင်းမရှိသေးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - M.E. / B.E. / B.Arch. ဘွဲ့အတွက် ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

(ခ) အဝေးရောက်ဘွဲ့ - ME. / B.E. / B.Arch. ဘွဲ့နှင့် နှစ်ဟောင်း B.E. / B.Arch. / B.Tech.. ဘွဲ့အတွက် ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ x နှစ်လက်မ)အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။ အကယ်၍ အနောက်တိုင်းဝတ်စုံဖြင့် ရိုက်လျှင် အတွင်းအင်္ကျီမှာ အဖြူရောင်ဖြစ်ရမည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြိုလေ့ကျင့်ခြင်း နှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသောဝတ်စား ဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြု မည်မဟုတ်ပါ။)

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို(၆ - ၁ - ၂၀၂၅)(တနင်္လာနေ့) မှစ၍ နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ သင်တန်းရေးရာဌာနမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၂၄ - ၁ - ၂၀၂၅)(သောကြာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။ **(အစိုးရရုံးပိတ်ရက်များမပါ)**

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။

မှတ်ချက် ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ သင်တန်းရေးရာဌာန (ဖုန်း -၀၉-၂၆၄၈၃၃၃၉၃)သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သင်တန်းရေးရာဌာန
နည်းပညာတက္ကသိုလ်(သန်လျင်)

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၈၅)၊ မြေဧရိယာ(၀.၀၇၂)ဧကရှိမြေနေရာအား မြေငှားဂရန်သက်တမ်းတိုးရန် ဒေါ်ရီရီခင် ၉/မမန(နိုင်)၀၁၄၇၁၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်/မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြင်ဦးလွင်မြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၆)လမ်း၊ အိမ်အမှတ် (၂၇၂၆)နေ ဦးကြည်နိုင် ၇/ပခန(နိုင်)၀၆၉၄၇၃ - ဒေါ်အေးအေးမြင့် ၇/ပခန(နိုင်)၀၈၉၆၈၅ တို့၏သား မောင်ဖြိုးကိုကိုထက် ၇/ပခန(နိုင်)၃၀၄၈၂၂ သည် မိဘစကားကို နားမထောင်သည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါသည်။ သားဖြစ်သူ မောင်ဖြိုးကိုကိုထက်နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မိဘများ ဦးကြည်နိုင်-ဒေါ်အေးအေးမြင့်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ သော်တာလမ်း၊ မြေကွက်အမှတ်(၆၆၅)၊ မြေပေအကျယ်(၄၀x၆၀) ပေရှိ ဒေါ်မေကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ ခွဲစိတ်လျက်ရှိသော (ခေါင်းရင်းဘက်ခြမ်း)၊ မြေပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ မြေကွက်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ်-၁၈၄၇/၂၀၂၃ ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ခင်ငြိမ်းချမ်း ၁၄/ဟသတ(နိုင်)၁၉၇၃၁၂က အထက်ပါမြေကွက်ကိုမိမိသာတရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L (W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျပ်တစ်သိန်းနှင့်အထက် လှူဒါန်းခဲ့ကြသော ဆွမ်းအလှူရှင်များနှင့် ပဒေသာပင်ရန်ပုံငွေ အလှူရှင်များစာရင်း

ကမ္ဘာ့နိုင်ငံပေါင်းစုံမှထေရဝါဒရဟန်းသံဃာတော်၊ သီလရှင်များအားတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြသည့် မဟာကုသိုလ်တော်အလှူရှင်များ

၁။	၂၆-၁၂-၂၀၂၄	ဗိုလ်ချုပ်သီရိပျံချီ လှမြင့်ဆွေ ကွယ်လွန်ခြင်း (၇)နှစ်(၁)လပြည့်ကို ရည်စူး၍ နေ့ဆွမ်းဆက်ကပ်ခြင်းနှင့်ဗဟိုဆောင်ဓာတ်လှေကား တပ်ဆင်ဆောက်လုပ် လှူဒါန်းခြင်း	**(ကျပ်သိန်းနှစ်ထောင်တိတိ)**

တစ်နေ့တာဆွမ်းအလှူ

၁။	၁၅-၁၁-၂၀၂၄	မရမ်းကုန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် စေတနာရှင်အလှူရှင်များမှ စုပေါင်း၍ တတိယအကြိမ်မြောက် မိုးပေါ်ကျ ကထိန်သင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

နေ့ဆွမ်းအလှူ

၁။	၇-၁၁-၂၀၂၄	စစ်တက္ကသိုလ်အပတ်စဉ်(၂၈) ကျောင်းဆင်းအရာရှိများ၊ ဇနီးများ ဒုတိယအကြိမ် မိသားစုမဟာဘုံကထိန်နှင့် နေ့ဆွမ်းဆက်ကပ်ခြင်း အလှူတော်မင်္ဂလာ
၂။	၉-၁၁-၂၀၂၄	အောင်ဇေယျဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော စစ်တက္ကသိုလ် အောင်ဇေယျညီနောင်များ၏ ဒုတိယအကြိမ် မိသားစုမဟာဘုံကထိန်နှင့် နေ့ဆွမ်းဆက်ကပ်ခြင်း အလှူတော်မင်္ဂလာ
၃။	၁၁-၁၁-၂၀၂၄	Telecom International Myanmar Company Limited, 7th Kathina Robe Offering Ceremony
၄။	၁၄-၁၁-၂၀၂၄	(Max Myanmar Co.Ltd) အုပ်စုမိသားစု၏ စုပေါင်းမဟာဘုံကထိန်နှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
၅။	၁၆-၁၁-၂၀၂၄	Tran Hoang Anh, Tran Quoc Dat, Co Bich Dung and Chi Nhung (Vietnam)
၆။	၂၄-၁၁-၂၀၂၄	ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၀)၏ ကျောင်းဆင်း (၃၉)နှစ်မြောက် အထိမ်းအမှတ်အလှူ
၇။	၃၀-၁၁-၂၀၂၄	မောင်ရဲမင်းသန့်+မအေးမွန်မြတ် တို့၏ မင်္ဂလာဦးဆွမ်းအလှူ
၈။	၁၆-၁၂-၂၀၂၄	မောင်ထွဋ်အောင်လင်း+မခင်သီတာဇင် တို့၏ မင်္ဂလာဦးဆွမ်းအလှူ
၉။	၁၇-၁၂-၂၀၂၄	Datuk Wira Sam Ooi Chin Khoon and Family Malaysia Devotees (Malaysia)
၁၀။	၁၉-၁၂-၂၀၂၄	ကွယ်လွန်သူ ဖခင်ကြီး ဦးကြည်မောင်အားရည်စူး၍ မိခင်ကြီး ဒေါ်စိန်လှကြည်အား အမှူးထား၍ ဒေါ်ကျော့ကေခိုင်နှင့် ဆွေမျိုးများအလှူ
၁၁။	၂၃-၁၂-၂၀၂၄	ဦးစိုးနိုင်+သီရိသုဓမ္မသိင်္ဂီ ဒေါ်မိုးစိမ့်စိမ့်လင်း၊ သား- မောင်စိုးလင်းနိုင်၊ သမီး မသီရိလင်းနိုင် မိသားစုအလှူ
၁၂။	၂၅-၁၂-၂၀၂၄	ကွယ်လွန်သူ ဒေါက်တာစိုးမိုးအားရည်စူး၍ ဦးမျိုးဝင်း+ဒေါ်အေးငြိမ်း၊ ဒေါ်ခင်မြထွေး၊ ဒေါက်တာစုစုဝင်း၊ သမီး- သိမ့်သင်ဇာစိုး၊ သား- ဝေယံစိုးမိသားစု၊ မိဘများအားအမှူးထား၍ ဦးထွန်းထွန်း+ဒေါက်တာသီတာဝင်း၊ သားများ- မောင်ထွန်းဝင်း၊ မောင်ထွန်းကျော်၊ မောင်ထွန်းမြင့် မိသားစုအလှူ
၁၃။	၂၇-၁၂-၂၀၂၄	ဦးကြိုင်+ဒေါ်လေးလေးမိသားစု၊ ဒေါက်တာ ဒေါ်တင်နွယ်ဦး၊ ဦးသောင်းမြင့်+ဒေါ်တင်နွယ်အေး မိသားစုတို့နှင့် ဗုဒ္ဓဓမ္မမိသားစုဝင်များ၏ (၆)ကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
၁၄။	၃၀-၁၂-၂၀၂၄	Jeffrey Chen [Dentist(SanFrancisco)]နှင့် မနှင်းဦးခင် (ခ) အိမ့်သဲ Machine Learning Researcher (Post Era) တို့၏ မင်္ဂလာဦးအလှူ
၁၅။	၃၁-၁၂-၂၀၂၄	ဦးအောင်ကျော်စိုး(ကွယ်လွန်)အားရည်စူး၍ ဇနီး ဒေါ်နွယ်နွယ်အေး မိသားစုအလှူ

အရုဏ်ဆွမ်းအလှူ

၁။	၂၄-၁၂-၂၀၂၄	ဒေါက်တာချစ်ဖြိုးလွင် မွေးနေ့အလှူ

ဆွမ်းပဒေသာပင်ရန်ပုံငွေ

၁။	၁-၁၁-၂၀၂၄	မိဘနှစ်ပါးဖြစ်ကြသည့် ဦးဝင်း+ဒေါ်ရွှေတင်အား အမှူးထား၍ သား- မောင်ရန်လင်းအောင်	၂,၀၀၀၀၀၀/-
၂။	၁-၁၁-၂၀၂၄	ဗိုလ်မှူးလွင်မင်းသူ+ဒေါက်တာဖူးပွင့်ညိုဝင်းအောင်၊ သား- ခန့်ဘုန်းမင်းထက်၊ သား- ရှိုင်းဘုန်းမင်းမြတ်	၁,၀၀၀၀၀၀/-
၃။	၆-၁၁-၂၀၂၄	မလင်းလဲ့နိုင်မြင့် မွေးနေ့ ကိုပြေသာကျော်+မလင်းလဲ့နိုင်မြင့် (၃)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်	၁,၀၀၀၀၀၀/-
၄။	၆-၁၁-၂၀၂၄	ဦးသန်းလှ+ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးမြင့်(ငြိမ်း) မိသားစု	၃,၀၀၀၀၀၀/-
၅။	၈-၁၁-၂၀၂၄	Telecom International Myanmar Company Limited	၅,၀၀၀၀၀၀/-
၆။	၁၃-၁၁-၂၀၂၄	အဘိုး၊ အဘွားများ ဖခင်ဦးတင်ဌေး၊ ညီမ- ဒေါ်စန်းစန်းတင့်နှင့် ကျေးဇူးရှင်များကို ရည်စူးအမှူးထား၍ ဒေါ်အေးသိန်း၊ သမီးကြီး-ဒေါ်အေးအေးမြင့် မိသားစု	၁,၀၀၀၀၀၀/-
၇။	၁၄-၁၁-၂၀၂၄	ဦးဖေသက်+ဒေါ်ငွေငွေး မိသားစု	၂,၀၀၀၀၀၀/-
၈။	၇-၁၂-၂၀၂၄	အလှူ့ဒါယိကာမ အမကြီး ဒေါ်အေးအေးသင်း၊ အလှူ့ဒါယကာ ဦးကျော်နိုင်စိုး၊ သား- ဒီပါကျော်ဆက်၊ သမီး- အမရာကျော်ဆက်၊ အောင်မြေမိသားစု Treasure Winner Land and Princess Amara မိသားစု	၁၅,၀၀၀၀၀၀/-
၉။	၁၆-၁၂-၂၀၂၄	ဦးဖေသက်+ဒေါ်ငွေငွေး မိသားစု	၂,၀၀၀၀၀၀/-
၁၀။	၁၉-၁၂-၂၀၂၄	Dr.Kanae Kawamoto (Ph.D) မခင်နှင်းအိ(ဂျပန်)	၁,၀၀၀၀၀၀/-

ဆွမ်းကွမ်းဝေယျာဝစ္စရန်ပုံငွေ

၁။	၁၄-၁၁-၂၀၂၄	(Max Myanmar Co.Ltd) အုပ်စု မိသားစု	၁၀၀,၀၀၀၀၀/-
၂။	၃၀-၁၁-၂၀၂၄	မောင်ရဲမင်းသန့်+မအေးမွန်မြတ် တို့၏ မင်္ဂလာဦးအလှူ	၃,၀၀၀၀၀၀/-

ဆေးပဒေသာပင်ရန်ပုံငွေ

၁။	၁-၁၁-၂၀၂၄	ဗိုလ်မှူးလွင်မင်းသူ+ဒေါက်တာဖူးပွင့်ညိုဝင်းအောင်၊ သား- ခန့်ဘုန်းမင်းထက်၊ သား- ရှိုင်းဘုန်းမင်းမြတ် မိသားစု	၁,၀၀၀၀၀၀/-
၂။	၆-၁၁-၂၀၂၄	မလင်းလဲ့နိုင်မြင့် မွေးနေ့ ကိုပြေသာကျော်+မလင်းလဲ့နိုင်မြင့် (၃)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်	၁,၀၀၀၀၀၀/-
၃။	၁၃-၁၁-၂၀၂၄	အဘိုး၊ အဘွားများ ဖခင်ဦးတင်ဌေး၊ ညီမ-ဒေါ်စန်းစန်းတင့်နှင့် ကျေးဇူးရှင်များကို ရည်စူးအမှူးထား၍ ဒေါ်အေးသိန်း၊ သမီးကြီး-ဒေါ်အေးအေးမြင့် မိသားစု	၁,၀၀၀၀၀၀/-
၄။	၁၄-၁၁-၂၀၂၄	ဦးဖေသက်+ဒေါ်ငွေငွေး မိသားစု	၂,၀၀၀၀၀၀/-
၅။	၁၆-၁၂-၂၀၂၄	မောင်ထွဋ်အောင်လင်း+မခင်သီတာဇင် တို့၏ မင်္ဂလာဦးအလှူ	၃,၀၀၀၀၀၀/-
၆။	၁၆-၁၂-၂၀၂၄	ဦးဖေသက်+ဒေါ်ငွေငွေး မိသားစု	၂,၀၀၀၀၀၀/-

ပညာရေးပဒေသာပင်ရန်ပုံငွေ

၁။	၁-၁၁-၂၀၂၄	မိဘနှစ်ပါးဖြစ်ကြသည့် ဦးဝင်း+ ဒေါ်ရွှေတင်အားအမှူးထား၍ သား- မောင်ရန်လင်းအောင်	၂,၀၀၀၀၀၀/-
၂။	၅-၁၁-၂၀၂၄	ဒေါက်တာဘဒ္ဒန္တကုသလရက္ခ (Visiting Lecturer) (Vietnam)	၁,၅၀၀၀၀၀/-
၃။	၆-၁၁-၂၀၂၄	မလင်းလဲ့နိုင်မြင့် မွေးနေ့ ကိုပြေသာကျော်+မလင်းလဲ့နိုင်မြင့် (၃)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်	၁,၀၀၀၀၀၀/-
၄။	၁၁-၁၁-၂၀၂၄	Telecom International Myanmar Company Limited	၅,၀၀၀၀၀၀/-
၅။	၁၃-၁၁-၂၀၂၄	အဘိုး၊ အဘွားများ ဖခင် ဦးတင်ဌေး၊ ညီမ-ဒေါ်စန်းစန်းတင့်နှင့်ကျေးဇူးရှင်များကို ရည်စူးအမှူးထား၍ ဒေါ်အေးသိန်း၊ သမီးကြီး- ဒေါ်အေးအေးမြင့် မိသားစု	၁,၀၀၀၀၀၀/-
၆။	၁၄-၁၁-၂၀၂၄	ဦးဖေသက်+ဒေါ်ငွေငွေး မိသားစု	၁,၀၀၀၀၀၀/-
၇။	၂၁-၁၁-၂၀၂၄	(ဦးသန်းမောင်+ဒေါ်သန်းချစ်)တို့အားရည်စူး၍ သမီး-ဒေါ်သူဇာသန်း+ဦးဝင်းမြင့်အောင် သား-ဒေါက်တာမြတ်ကျော်သူ၊ မြေး-မဆောင်းဝတ်ရည်၊ တူမ-ဒေါ်တင်သန်း၊ ဒေါ်ဝင်းလဲ့မွန် မိသားစု	၅,၀၀၀၀၀၀/-
၈။	၂-၁၂-၂၀၂၄	Sayalay Minh Hoa and Sayalay Vimalañāñi (Vietnam)	၁,၀၀၀၀၀၀/-
၉။	၄-၁၂-၂၀၂၄	Sayalay Lee Eng May(Malaysia)	၃,၇၀၀၀၀၀/-
၁၀။	၆-၁၂-၂၀၂၄	TRAN THi DiEU LAM(Vietnam)	၁၃,၀၀၀၀၀၀/-
၁၁။	၁၂-၁၂-၂၀၂၄	NGUYEN MINH THU (Vietnam)	၂,၀၀၀၀၀၀/-
၁၂။	၁၆-၁၂-၂၀၂၄	ဦးဖေသက်+ဒေါ်ငွေငွေး မိသားစု	၁,၀၀၀၀၀၀/-

အထွေထွေငွေပဒေသာပင်ရန်ပုံငွေ

၁။	၅-၁၁-၂၀၂၄	ဒေါက်တာဘဒ္ဒန္တကုသလဂုဏ (အချိန်ပိုင်းကထိက)နှင့် ဒကာ၊ ဒကာမများ (Vietnam)	၁၀,၀၀၀၀၀၀/-
၂။	၆-၁၁-၂၀၂၄	အမှတ်(၂) သံမဏိစက်ရုံ မြောင်းတကာ ဝန်ထမ်းမိသားစုအလှူ	၅,၀၀၀၀၀၀/-
၃။	၁၃-၁၁-၂၀၂၄	အဘိုး၊ အဘွားများ ဖခင် ဦးတင်ဌေး၊ ညီမ-ဒေါ်စန်းစန်းတင့်နှင့်ကျေးဇူးရှင်များကို ရည်စူးအမှူးထား၍ ဒေါ်အေးသိန်း၊ သမီးကြီး-ဒေါ်အေးအေးမြင့် မိသားစု	၁,၀၀၀၀၀၀/-
၄။	၂၅-၁၂-၂၀၂၄	ကွယ်လွန်သူ ဒေါ်စိန်ရွှေ (၃)နှစ်ပြည့်အားရည်းစူး၍ ဒေါ်မိမိစိန် မိသားစုအလှူ	၃,၀၀၀၀၀၀/-

ထာဝရဆွမ်းပဒေသာပင်ရန်ပုံငွေ

၁။	၉-၁၁-၂၀၂၄	အောင်ဇေယျဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသောစစ်တက္ကသိုလ် အောင်ဇေယျညီနောင်များအလှူ	၁၀,၀၀၀၀၀၀/-
၂။	၁၃-၁၁-၂၀၂၄	ဒေါက်တာကြည်သာဆွေမွေးနေ့ ကိုကျော်ဇင်ထွန်း+ဒေါက်တာကြည်သာဆွေ မိသားစုအလှူ	၁,၃၀၀၀၀၀/-
၃။	၁၃-၁၁-၂၀၂၄	အဘိုး၊ အဘွားများ ဖခင် ဦးတင်ဌေး၊ ညီမ-ဒေါ်စန်းစန်းတင့်နှင့် ကျေးဇူးရှင်များကို ရည်စူးအမှူးထား၍ ဒေါ်အေးသိန်း၊ သမီးကြီး- ဒေါ်အေးအေးမြင့် မိသားစုအလှူ	၁,၀၀၀၀၀၀/-
၄။	၃၁-၁၂-၂၀၂၄	ဦးအောင်ကျော်စိုး(ကွယ်လွန်)အားရည်စူး၍ ဇနီးဒေါ်နွယ်နွယ်အေး မိသားစုအလှူ	၃၀,၀၀၀၀၀၀/-

ဆက်သွယ်လှူဒါန်းရန်- ညွှန်ကြားရေးမှူး [ဌာနမှူး(စီမံ/ဘဏ္ဍာ)] - ဖုန်း-၀၉-၄၀၀၀၄၀၃၃၄
ဌာနစုမှူး- ဖုန်း-၀၉-၄၂၀၀၄၁၇၆

ရန်ကုန်အထိုင်လက္ကား မြေသြဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA) အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၁-၂၀၂၅ရက်မှ ၃၁-၁- ၂၀၂၅ရက်အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က)	ယူရီးယား မြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်	၉၅၀၀၀ ကျပ်
(ခ)	Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်	၁၂၄၀၀၀ ကျပ်
(ဂ)	DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်	၁၃၅၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေသြဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင်လက္ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်း ကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ဖုန်း-၀၆၇-၄၁၀၀၃၂
(ခ) MFSPEA အသင်း ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်မင်းမင်းအောင် ၁၂/မဘန(နိုင်)၀၉၅၉၅၉ (ဘ) ဦးအောင်မြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၅၁၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၇/၂၀၂၀ (၄-၃-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်ခိုင် ၉/မခန(နိုင်)၁၈၆၂၈၃ (ဘ) ဦးချစ်ပိုမှ ဒေါ်သိန်းသိန်းအေး ၅/ကလထ(နိုင်)၁၂၆၄၇၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈၃၀/ကြပ်ပြင်ကြီးကွင်း)၊ ဦးပိုင်အမှတ်(၁၆၄)၊ မြေဧရိယာ ၀ ဒသမ ၀၃၁ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဒေါ်ဝေဝေဖြိုး (ဘ) ဦးဝင်းမြင့် ၉/လဝန(နိုင်) ၁၃၅၈၅၅မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံး ကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၇၃၀၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်)၂၆၃၂၀၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၃၈၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဒေါ်ချိုချိုဝင်း ၉/ပမန(နိုင်)၀၀၃၄၉၄ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်မူမူဝင်း ၅/ကလထ(နိုင်)၁၂၀၉၁၇နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဗယ/၃၂၇၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းဦး ၁၀/သထန (နိုင်)၁၉၇၁၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလျံ(၁)ရပ်၊ အိမ်အမှတ် (ပလ-၁/၃၈၂)နေ ဦးဟောင်လီရှန်း ၁၃/သသန(နိုင်)၀၁၄၀၈၄ နှင့် ဒေါ်ယဉ်ယဉ်အေး ၁၃/တခလ(နိုင်)၀၇၈၆၈၁တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ဘဲ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်တော့သဖြင့် တောင်ကြီးခရိုင် တရားရုံးတော်၌ ၁၇-၁၂-၂၀၂၄ရက်က ကွာရှင်းစာချုပ်မှတ်ပုံတင်အမှတ် (၁၉၁၆/ ၂၄) ဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ ထိုနေ့မှာပင် အသိသက်သေများရှေ့မှောက်၌ ၁၇-၁၂-၂၀၂၄ရက်စွဲပါ နှစ်ဦးသဘောတူလက်ထပ်ပွားပစ္စည်းများခွဲဝေခြင်း ကတိစာချုပ် ချုပ်ဆို၍ ခွဲဝေခဲ့ကြပြီးဖြစ်ပါသည်။ ဦးဟောင်လီရှန်းက သားသမီး(၄)ဦးအား အရွယ်ရောက်သည်ထိ အုပ်ထိန်းသွားမည်ဖြစ်ပြီး သားသမီး(၄)ဦး၏ အထွေထွေ ကုန်ကျစရိတ်ထက်ဝက်ကို ဒေါ်ယဉ်ယဉ်အေးက လစဉ်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ယင်းစာချုပ်ချုပ်ဆိုပြီးနောက် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ မည်သည့်တရားစွဲဆိုမှု တောင်းဆိုမှုများကို အပြန်အလှန် မပြုတော့ကြောင်း၊ နှစ်ဦးနှစ်ဖက်ခွဲဝေရယူသည့် အထက်ပါ စာချုပ်ပါပစ္စည်းများအပေါ် တစ်ဖက်နှင့်တစ်ဖက် ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကန့်ကွက်ခြင်းများမပြုတော့ကြောင်းတို့ကို ဝန်ခံကတိပြုခဲ့ကြပြီးဖြစ်ကြောင်း ဦးဟောင်လီရှန်း ၁၃/သသန(နိုင်) ၀၁၄၀၈၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာ အပ်ပါသည်။

ဦးဘခင်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၉၄၀၅)
အမှတ်(၂၂-က)စိုက်ခင်းလမ်း၊ နယ်မြေ(၃)၊ မယ်ခေါင်ရပ်ကွက်၊
တာချီလိတ်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ် (၈၃)၊ မြေဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိ မြေနေရာအား မြေငှားဂရန်အမည်ပြောင်း/ သက်တမ်းတိုးရန် ဦးမြင့်အောင် ၉/မမန(နိုင်) ၀၇၄၈၈၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါကပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်/မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

စာမူဖိတ်ခေါ်ခြင်း

၁။ ရွှေတိဂုံဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးထုတ်ဝေသည့် မြတ်ရွှေတိဂုံယဉ်ကျေးမှု စာစောင်တွင် စာမူများ ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

၂။ စာမူတွင် ထေရဝါဒ ဗုဒ္ဓသာသနာနှင့်ဆက်နွယ်မှုရှိသော အကြောင်းအရာများ၊ မြန်မာ့ရိုးရာ ဘာသာ သာသနာဆိုင်ရာနှင့် ဆက်စပ်သော အကြောင်းအရာများ၊ အမျိုးဘာသာသာသနာ ရေရှည်တည်တံ့မှုကို အထောက်အကူပြုသောအကြောင်းအရာ စသည်များနှင့် ဆက်စပ်သော ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် မြတ်ရွှေတိဂုံယဉ်ကျေးမှု စာစောင်ကို ထုတ်ဝေလျက်ရှိပါသည်။

၃။ စာမူများကို အောက်ပါစည်းကမ်းချက်များနှင့်အညီ ရေးသားပြုစုပေးပို့ရပါမည်-

(က) ဆောင်းပါး A4 (၄)မျက်နှာမှ (၈)မျက်နှာ

(ခ) ကဗျာ A4 (၁)မျက်နှာ

၄။ စာမူများရေးသားပေးပို့ရာတွင်-

(က) ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးမူဖြင့်ဖြစ်စေပေးပို့ရပါမည်။

(ခ) ကဗျာ၊ ဆောင်းပါးအတွက် သရုပ်ဖော်ပုံ/ဓာတ်ပုံ ရှိပါက ထည့်ပေးနိုင်ပါသည်။

(ဂ) ကိုယ်ရေးအကျဉ်း (ကလောင်အမည်၊ အမည်အရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်)နှင့်အတူ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံကတိဖြင့် ပူးတွဲပေးပို့ရပါမည်။

(ဃ) စာတည်းအဖွဲ့က လိုအပ်ပါက တည်းဖြတ်ခြင်းကို လက်ခံနိုင်ရမည်။ ရွေးချယ်မခံရသော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၅။ **စာမူလက်ခံရန်ဌာန**

တာဝန်မှူးရုံးခန်း

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး။

ဒဂုံဆက်သွယ်ရေးစခန်း (စာတိုက်)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၃၇၅၇၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေဖြင့် စက်ပစ္စည်း/ပရိဘောဂများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊အချိန်	- ၃-၁-၂၀၂၅ ရက်(၁၀:၀၀)နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊အချိန်	- ၁၆-၁-၂၀၂၅ ရက် (၁၆:၃၀)နာရီ
တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ	- ရုံးအမှတ်(၁၃)၊ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၆၈၇နှင့်၀၆၇-၃၄၀၇၆၉၄ တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ မာလာကျေးရွာနေ (ဘ)ဦးဝင်းစိန်၏သား မောင်မျိုးဝင်း ၉/တသန(နိုင်)၁၅၆၂၃၃ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၇၆၄၉၈၄

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2811 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး

(ရန်ကုန်အနောက်ပိုင်း)

ပတ်စ်ပို့ပျောက်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ကျွဲတွဲရွာနေ ဦးမောင်မောင်ဆန်း၏ သမီး ကျွန်မ မဆန်းဆန်းနွယ် ၁၁/ကဖန(နိုင်)၁၆၀၀၆၂ နိုင်ငံကူး လက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၄၀၄၄၄၆

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်တွင် နေထိုင်သော ဒေါ်နုနုသန်း ၅/ရဘန(နိုင်) ၁၁၂၅၈၀ ၏ ဖခင် ဦးသန်းမောင်နှင့် ဦးဆုဒေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းမောင်(ခ)ဦးဆုဒေး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် (၁၄၈၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒုတိယဗိုလ်မှူးကြီး တင်လှ (၁၁/ကဖန (နိုင်) ၀၀၀၉၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၉၉၅၀/၂၀၂၄)အရပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်တင်မိမိလှိုင် (၁၁/ကဖန (နိုင်) ၀၀၀၉၇၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၈၅၁/၂၀၂၃)အရလွှဲအပ်ခြင်းခံရသူ သားမက်ဖြစ်သူ ဦးသန်းကျော်ထူး (၈/မထန (နိုင်) ၀၀၈၆၇၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး	ဦးပြည့်ဖြိုးအောင်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

ကန့်ကွက်နိုင်ပါသည်

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း - 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ U/E - 1 သီးသန့်လမ်း၊ အမှတ်(၈၂၅)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၈၂၅)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ထားမြင့် ၁၂/တမန(နိုင်) ၀၇၃၆၀၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ညိုညိုမောင် ၉/မရတ(နိုင်)၀၂၆၁၄၆ က ၁၅- ၂-၂၀၁၀ ရက်စွဲပါ မြေကွက်နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းကြေးငွေ အပြေအကျေပေးချေပြီး အပြီးအပိုင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

မအူပင် ဦးစိုးမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၇၀)

ဒေါ်လင်းနန္ဒာထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၅၁)

တိုက် - ၉/၁၁၊ အခန်း-၁၀၃(E)၊ ပထမထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၄၀၂၁၅၁၉၊ ၀၉-၇၉၆၂၁၃၃၇၄၊ ၀၉-၄၄၃၁၆၁၈၂၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၈၊ မြေညီထပ် (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၂ ပေx ၅၀ပေ)ရှိ တိုက်ခန်းအပါအဝင်ငှင်းတိုက်ခန်း နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၄၅၆၈၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ဆုဝေ (LL.B)
(စဉ် - ၅၃၃၆၉)
အထက်တန်းရှေ့နေ

ဒေါ်မိုးမီမီခိုင် (LL.B)
(စဉ် - ၅၃၄၉၁)
အထက်တန်းရှေ့နေ

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၀၀၂၈၁၀၄

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ U/E - 1 သီးသန့်လမ်း၊ အမှတ်(၈၃၅) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၈၃၅)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဦးချစ်ကိုကို ၁၂/ဒဂရ(နိုင်)၀၂၈၆၂၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဟန်ဝင်းအောင် ၁၁/ဘသတ(နိုင်)၀၁၆၇၉၅ က (၂၀-၈-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းကြေးငွေ အပြေအကျေပေးချေပြီး အပြီးအပိုင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

မအူပင် ဦးစိုးမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၀)

ဒေါ်လင်းနန္ဒာထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၁)

တိုက် - ၉/၁၁၊ အခန်း-၁၀၃(E)၊ ပထမထပ်၊ ၃၆-လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၄၀၂၁၅၁၉၊ ၀၉-၇၉၆၂၁၃၃၇၄၊ ၀၉-၄၄၃၁၆၁၈၂၅

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုစဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မြဝတီခရိုင်တရားရုံး

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ နှင့် ဆက်သွယ်သည့်

၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅

ဒေါ်အေးအေးညိုနှင့် ဦးရဲစိန်
(ဒီကရီအနိုင်ရသူ) (တရားရှုံး)

ဦးရဲစိန် သာစည်ရပ်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်နေသူ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

မြဝတီခရိုင်တရားရုံး ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးညိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမြင့်ဦး)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၈၆၈

ကမ္ဘာရတနာဘဏ် နှင့် ဦးပြည့်ဖြိုးအောင် ပါ ၃
(အများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက်)

လျှောက်ထားသူ လျှောက်ထားခံရသူများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် ၃၂/၂၀၂၄ ၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ ဒီကရီအပေါ် ပြင်ဆင်မှု လျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ နောင်ရိုး လမ်း၊ အမှတ် ၇၆/အေ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အမှတ်(၁) လျှောက်ထားခံရသူ ဦးပြည့်ဖြိုးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၈ လမ်းနှင့် ၉ လမ်းထောင့်၊ အမှတ် ၄၀၂ (ယခင်လိပ်စာ၊ ယခု လိပ်စာမသိ)နေ အမှတ်(၂) လျှောက်ထားခံရသူ ဦးဇော်ဇော်တိုးနှင့် အမှတ်(၃) လျှောက်ထားခံရသူ ဒေါ်သဇင်အေး သိစေရမည်၊

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီအပေါ် ပြင်ဆင်မှုလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ နံနက်(၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းမျိုးဌေး)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့

သဘာဝ တောတွေ ထိန်းသိမ်းစို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာခင်နွဲ့ရီ
အသက်(၇၆)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အိမ်အမှတ်(၇၆)နေ (ဦးဘရီ-ဒေါ်မြလေး)၊ (ဦးခွန်မဟာ-ဒေါ်နန်းခမ်းလူ)တို့၏သမီးချွေးမ၊ မုံရွာမြို့၊ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး၊ ဒေါက်တာစိုင်းဝင်းဇော်လှိုင်-ဒေါက်တာ မေမင်းသိမ့်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါက်တာခင်နွဲ့ရီ အသက်(၇၆)နှစ်သည်(၃-၁-၂၀၂၅)ရက်(သောကြာနေ့) နံနက်(၁၀:၃၀)နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ
ကုသရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ လီလျံဖိုး Professor Dr.Lilian Po အသက် (၉၃)နှစ်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သည် ၁-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရ ပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒ မိသားစု

ဒေါ်မိမိစိန် (Victoria Sein)
အသက် (၈၂) နှစ်

လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ ခြံအမှတ် ၁၁-စီနေ(ဦးသန်းထွန်း-ဒေးဒရဲ)၏ ချစ်လှစွာသောဇနီး၊ မောင်ပြည့်ဖြိုး(Harry)-မောင်နေလင်းထွန်း(Caesar)တို့၏ ချစ်လှစွာသောမိခင်၊ (ဦးကျော်ထွန်းစိန်)-ဒေါ်ခင်သန်း၊ ဦးမျိုးမြင့်စိန်(ဒေါ်ခင်ဝင်းကြည်)၊ ဦးကြည်ဝင်းစိန်(Kazuko Ueda)၊ (ဒုတိယဗိုလ်မှူးကြီး တင်ထွန်း-ရေ)(ဒေါ်မမစိန် – Veronica Sein)၊ (ဒုတိယဗိုလ်မှူးကြီး သော်တာစိန်-ဒေါ်ယဉ်ယဉ်နွဲ့)တို့၏ညီမ၊ ဦးတင်ထူးစိန်-ဒေါ်ကြည်ကြည်၊ ဦးတင်ထက်စိန်-ဒေါ်ယဉ်အေး စိန်၊ (ဦးချိုကိုကိုစိန်-Henry Sein)တို့၏အစ်မ ဒေါ်မိမိစိန်သည် ၁-၁-၂၀၂၅ ရက် နံနက် ၁၀:၂၅နာရီတွင် ဘန်ကောက် ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း၊ ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေအပေါင်းကို သိစေအပ်ပါသည်။ ဒေါ်မိမိစိန်၏ ကြွင်းကျန်သောရုပ်ကလပ်ကို ၄-၁-၂၀၂၅ ရက်နံနက်တွင် ဘန်ကောက်မြို့တွင်ပင် မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်နှစ် (သုံးဆယ်မြို့)
သုံးဆယ်အသင်းအတွင်းရေးမှူး
အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် (၂၀)၊ ၄-လွှာနေ (ဦးမောင်ညို-ဒေါ်ခင်မြ)တို့၏သား၊ (ဦးခင်မောင်-ဒေါ်ကျင်ယုံ)တို့၏သားသမက်၊ (ဒေါ်နုနုခင်)၏ခင်ပွန်း၊ ဦးနိုင်ဇော်-ဒေါ်နီနီဝင်း၊ ဦးဇော်မင်း ထိုက် – ဒေါ်တင်ဆွေအေးတို့၏ဖခင်၊ မချောမဒီမင်းထိုက်၊ မအမရာမင်းထိုက်တို့၏အဘိုးသည် ၂-၁-၂၀၂၅ရက်(ကြာသပတေးနေ့)ည (၁၁:၃၀)နာရီတွင် အာယုဆေးရုံကြီး၌နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၅ရက် (စနေနေ့) ညနေ (၄:၀၀) နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ(၂:၀၀)နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူး သိန်းမြင့် (ငြိမ်း) (ခ) Ronald Carrier
ကြည်း ၁၀၁၈၇ OTS (30)
အသက်(၈၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ သရဖီ(၄)လမ်း၊ အမှတ်(၃၀၈)နေ ဒေါ်ထားနု၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူး သိန်းမြင့်(ငြိမ်း)သည် ၂-၁-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၇:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

OTS (30)ကျောင်းဆင်း အငြိမ်းစားအရာရှိများနှင့်ဇနီးများ

ခရစ်တော်၌အိပ်ပျော်ခြင်း
Ms Clare @ ဒေါ်ခင်ကြည် @ တူးတူး
အသက်(၈၀)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ မကျီးကုန်းအပြင်လမ်းနေ(ဦးညိုမြ-ဒေါ်ကြည်)တို့၏သမီး၊ (ဒေါ်ခင်ရီ)၊(ဦးသန်းတင့်)တို့၏ညီမ၊ အစ်မဖြစ်သူ ဒေါ်ခင်ကြည်(ခ)တူးတူးသည် ၁-၁-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆:၅၀နာရီတွင် အိမ်အမှတ် ၁၄/၇၀၀၊ ဟံသာဝတီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၂၅ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ အသိပေးအကြောင်းကြား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်အလှိုင် (ခ)ဒေါ်လှိုင် (ခ)စူးအိုက်လန်
အသက် (၈၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗောဓိရိပ်သာလမ်း၊ အမှတ်(၃၈/D)နေ (ဦးအကောက်(ခ)ဦးအောင်ကြည်(ခ)ဟူချောင်းဖြူ)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဝင်း (ခ) ဦးပြုံးချို-ဒေါ်ယဉ်ယဉ်အေး၊ ဦးဌေးလွင်-ဒေါ်ချိုဝင်း၊ DimpleHu –ဦးမြင့်ဆွေ၊ ဒေါ်တင်တင်အေး–ဦးမောင်မောင်ဝင်း၊ ဒေါ်တင်တင်မေ–ဦးဝင်းနိုင်(ခ)ဦးမင်းနိုင်၊ ဒေါ်တင်တင်လွင် –ဦးထွန်းလှိုင်တို့၏ ချစ်လှစွာသောမွေးသမိခင် ကျေးဇူးရှင်မိခင်ကြီး၊ မြေး (၂၀)ယောက်၊ မြစ် (၁၀) ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁-၁-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)၊ ည(၈:၀၅) နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

အထူးဝမ်းနည်းကြေကွဲခြင်းများစွာဖြင့်
ရွှေတိုက်နာရီဆိုင်မိသားစု

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ် (ဒ-၂၀၇၉)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ကေရှိ ဒေါ်နီနီစိုး (ဘ) ဦးကျော်စိန် ၆/ရဖန(နိုင်)၀၀၂၄၀၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နီနီစိုးမှ ဒေါ်နန်းမြတ်ဝတ်ရည် (ဘ) ဦးတင်မြင့် ၁၃/တကန(နိုင်)၁၉၉၆၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၁၉/၄၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၅ကေရှိ မြေနေရာအား မြေငှားဂရန်သက်တမ်းတိုးရန် ဦးထွန်းအောင် ၉/မနမ(နိုင်)၁၂၈၆၂ (AV-၀၂၇၄၇၉)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်/မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်သမ္မာန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
ကလောမြို့နယ်တရားရုံး
၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

ဦးသန်းရွှေ	နှင့်	ဦးဝင်းဖေ
တရားလို		တရားပြိုင်

ကလောမြို့၊ အမှတ်(၁)ရွှေတောင်ကြားရပ်ကွက်နေ ဦးဝင်းဖေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းရွှေက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလဆုတ် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီ တွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်း ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးလဲ့စန္ဒီမြင့်)
မြို့နယ်တရားသူကြီး
ကလောမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ပုဂံလမ်းသွယ်(၂)လမ်း၊ အမှတ်၁၂/၃၂၂ (ခ)၊သောင်ကြီးမြောက်၊ အကျယ်အဝန်း (၂၀' x ၆၀') ရှိပါမစ်မြေကွက်သည်ဒေါ်လှသန်း TGA၀၄၇၃၆၄ အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ အကျယ်အဝန်း(၁၀'x၆၀')ပေရှိပါမစ်မူရင်းခြမ်းပါ အိမ်ခြံမြေအား ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သီတာသန်း ၁၂/ကမတ(နိုင်)၀၀၂၈၀၀ က ယခုရောင်းချသည့်အိမ်ခြံမြေမှာ မိမိတစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်သူဖြစ်ပြီး၊ အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်သင်းဝေအောင် ၁၂/ဒလန(နိုင်)၀၅၅၁၅၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုမိုကို (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၄၉)
အမှတ်(၂၃)၊ လမ်း ၁၃၀နှင့် သုံးမြောင့်လမ်းထောင့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၁၆၈၅၀၄၉

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၇/၄)၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေ ဧရိယာ(၀.၁၀၂)ကေရှိမြေကွက်သည် မူလက ဦးခီဖာဆာအမည်ဖြင့်(၂၀-၆-၂၀၂၃) ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါ သည်။ ဂရန်ရှင် ဦးခီဖာဆာနှင့်ဇနီးဒေါ်ဆီကို(၂)ဦးသည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သား/မြေးများဖြစ်သည့် ဦးယံပေါ် လု ၁/မကန(နိုင်)၀၃၃၇၅၂၊ ဒေါ်စုလှိုင်နင်း ၁/မကန(နိုင်)၁၅၀၃၃၈၊ ဦးရဲဆာ ၁/မကန(နိုင်)၁၆၁၅၄၁ (၃)ဦးတို့က (၃-၉-၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၉၁/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးယံပေါ်လုပါ (၃)ဦးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ဖခင်အမည်
တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မူလွန်(လက်ပံခုန်)မှ ဦးတင်ထွန်း၊ ၇/ဖမန(နိုင်)၀၄၀၈၀၉ ၏ ဖခင်အမည် ဦးသန်ချောင်းနှင့် ဦးသံချောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်ချောင်း(ခ)ဦးသံချောင်း

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ် ပတ/၁၅၆၊ ဦးဝင်းနိုင်(သရုပ်ပြဆရာ၊ လှိုင်နယ်မြေ) အမည်ပေါက် ဝိုင်းမြေကွက်၊ စလစ်မူရင်းပျောက်ဆုံးသွားပါ၍ ယခုလက်ဝယ်ပိုင်ဆိုင်သူ ဦးဇော်ဇော် ၉/ကပတ(နိုင်)၁၂၆၅၇၁မှ စလစ်မိတ္တူမှန်ပြန်လည်လျှောက်ထားသွားမည်ဖြစ်ရာ၊ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက် မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်သည်။

ဦးဇော်ဇော်
(ဖုန်း-၀၉-၂၂၂၀၂၂၁)

အမွေဆိုင်ဖြစ်ကြောင်းအများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ထန်းတောအင်းစပ်ရပ်ကွက်၊ နယ်မြေ(၁၅)၊ မြချယ်ရီလမ်းရှိ အိမ်နံပါတ်(၁၃၁) အရှေ့အနောက်-အလျား (၁၁၀)ပေx တောင်မြောက်အနံ(၈၀)ပေ အလားအလာနယ်မြေလေးရပ်အတွင်းရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (ဘ) ဦးအုန်းမောင်နှင့် (အမိ) ဒေါ်လှပြိုင်တို့မှ တရားဝင်ပိုင်ဆိုင်၍ အဆိုပါဝင်းမြေပေါ်၌ပင် သားသမီးများအား အမွေခွဲဝေပေးခြင်းမရှိဘဲ ကွယ်လွန်ခဲ့ပါသည်။ ယခုအခါ သမီးကြီးဖြစ်သူ ဒေါ်မြင့်မြင့်သန်း၊ သမီးလတ်ဖြစ်သူ ဒေါ်မြင့်မြင့်စန်း(ခ) ဒေါ်စန်းလေးနှင့် သားငယ်ဖြစ်သူ ဦးမိုးဆွေတို့ မောင်နှမသုံးဦး အမွေစားအမွေခံအဖြစ် ကျန်ရှိပါသည်။ သမီးကြီး ဒေါ်မြင့်မြင့်သန်းမှာ အိမ်ထောင်ခွဲ၍ သီးခြားခွဲနေပါသော်လည်း သမီးလတ် ဒေါ်မြင့်မြင့်စန်းနှင့် သားငယ် ဦးမိုးဆွေတို့မှာ အပျိုလူပျိုဖြစ်၍ မိဘများပိုင်ဆိုင်သော အမွေဆိုင်အိမ်ဝင်းမြေ၌ပင် လက်ရှိနေထိုင်ကြပါသည်။ သမီးကြီးဖြစ်သူ ဒေါ်မြင့်မြင့်သန်းမှာ လေဖြတ်ရောဂါနှင့် နာမကျန်းဖြစ်၍ ၎င်းပိုင်ဆိုင်ခွင့်ရှိသော အမွေပုံ၏သုံးပုံတစ်ပုံကို ခွဲခြမ်းပေးပါရန် တောင်းဆိုပါသော်လည်း ညီမနှင့် မောင်ဖြစ်သူတို့မှ ကြည်ဖြူစွာ ခွဲဝေပေးခြင်းမရှိဘဲ ငြင်းဆိုနေပါသည်။ သို့ဖြစ်ပါ၍ မိဘများ ပိုင်ဆိုင်ထားရစ်ခဲ့သော အမွေဆိုင်အိမ်ဝင်းခြံမြေကို သမီးကြီးဖြစ်သူ ဒေါ်မြင့်မြင့်သန်း၏ သဘောတူညီမှုခွင့်ပြုချက်မရဘဲ ညီမနှင့်မောင်ဖြစ်သူ ဒေါ်မြင့်မြင့်စန်းနှင့် ဦးမိုးဆွေတို့မှ အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းပေးခြင်းတို့ပြုလုပ်ပါက ကန့်ကွက်ပါကြောင်းနှင့် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **အမွေဆိုင်ဒေါ်မြင့်မြင့်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်နု (စဉ်-၁၂၇၅၃)
LL.B, LL.M(Advocate) တရားလွှတ်တော်ရှေ့နေ

(၁၆-၁၂-၂၀၂၄)ရက်စွဲပါ မလေးရှားနိုင်ငံတွင် အလုပ်လုပ်သော ဦးမျိုးဝင်း နှင့် တရားလွှတ်တော်ရှေ့နေ ဦးကျော်ဝင်းဦး တို့၏ ကြော်ငြာကို ပြန်လည်ကန့်ကွက်ရှင်းလင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၆၅) (ဝဲ)၊ မြေညီတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေ အမည်ပေါက် စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော အခန်း ဖြစ်ပါသည်။ ထိုအခန်း၏ အဆက်ဆက်သော စာချုပ်စာတမ်းများမှာ ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်ရှိပါသည်။ ထိုအခန်းနှင့်ပတ်သက်၍ တရားရုံးအဆင့်ဆင့်တွင် ကျွန်ုပ်၏မိတ်ဆွေ အနိုင်ရထားသော စီရင်ချက်နှင့် ဒီကရီလည်း ရှိပါသည်။

သို့ပါ၍ ထိုအခန်းနှင့်ပတ်သက်ပြီး မမှန်မကန် အထောက်အထားမဲ့ ကြော်ငြာခြင်းကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း ထိုကြော်ငြာကို ပြန်လည် တောင်းပန်ရုပ်သိမ်းရန်နှင့် ပျက်ကွက်ပါက သက်ဆိုင်သူများကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နှင်းဝေ	**ဒေါ်မိုးမိုးနိုင် (LL.B)**

စဉ်-၄၃၆၃၈
အထက်တန်းရှေ့နေ
အမှတ်-၃၃၇၊ စကားဝါလမ်း၊ (က)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်
ဖုန်း-၀၉-၉၆၀၃၄၂၇၈၆

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ် ပတ/၁၅၇၊ ဦးစိုးအောင်(မြေစာရင်း- ရန်ကုန်) အမည်ပေါက် ဝိုင်းမြေကွက်၊ စလစ်မူရင်းပျောက်ဆုံးသွားပါ၍ ယခုလက်ဝယ်ပိုင်ဆိုင်သူ ဦးဇော်ဇော် ၉/ကပတ(နိုင်) ၁၂၆၅၇၁မှ စလစ်မိတ္တူမှန် ပြန်လည်လျှောက်ထားသွားမည်ဖြစ်ရာ၊ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်သည်။

ဦးဇော်ဇော်
(ဖုန်း-၀၉-၂၂၂၀၂၂၁)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား"လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂) ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၂) တွင် လက်ဝဲသုန္ဒရအသင်းက Maryar အသင်းကို သုံးဂိုး-နှစ်ဂိုး၊ JZ Yangon အသင်းက Black Cross အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ Gold Dream အသင်းက ရွှေပြည်သာယူနိုက်တက် အသင်းကို သုံးဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက 7 Brother အသင်းကို လေးဂိုး-ဂိုးမရှိ၊ 7 Drangon အသင်းက TG United အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး YCDC Marga Youth အသင်းနှင့် KKY အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁) တွင် အနိုင်ရထားသည့် အသင်းများအနက် Pacific Sun Far အသင်းနှင့် JZ Yangon အသင်းတို့သာ

စာမျက်နှာ ၁၆ ကော်လံ ၅ ❐

Gold Dream အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။

အီတလီစူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အင်တာမီလန်နှင့် အတ္တလန္တာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

အတ္တလန္တာကို ဂိုးပြတ်အနိုင်ယူပြီး အီတလီစူပါဖလားဗိုလ်လုပွဲ နာမည်ကြီး အင်တာမီလန် တက်လှမ်း

အီတလီစူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်မှ ဇန်နဝါရီ ၃ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အင်တာမီလန်နှင့် အတ္တလန္တာအသင်းပွဲစဉ်တွင် အင်တာမီလန်အသင်းက ဒမ်ဖရိုင်းစ်၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

တိုက်စစ်ထက်မြက်ပြီး ခံစစ်တည်ငြိမ်သည့် အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်သည့် အတွက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ အတ္တလန္တာအသင်းထက် အင်တာမီလန်အသင်းက သာလွန်သည့် ကစားဟန်နှင့် တိုက်စစ်ပိုင်းထက်မြက်မှုကို ပြသနိုင်ခဲ့သည်။

အင်တာမီလန် အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၄၉ မိနစ်နှင့် ၆၁ မိနစ်တို့တွင် ဒမ်ဖရိုင်းစ် တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။ ထို့ကြောင့် ဒမ်ဖရိုင်းစ်သည် စူပါဖလားပြိုင်ပွဲတွင်

စာမျက်နှာ ၁၆ ကော်လံ ၅ ❖

ယနေ့ *သတင်းအညွှန်း*

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်းရှိ နေအိမ်နှင့် စာသင်ကျောင်းအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ၎င်းတို့သိုဝှက်သိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ

ပြည်တွင်းသတင်း စာ ၂၀



အာဖဂန်နစ္စတန်၌ နှင်းထူထပ်စွာ ကျရောက်မှုကြောင့် အပူချိန် အနုတ် ၁၅ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်း

နိုင်ငံတကာသတင်း စာ ၂၁

မြန်မာ့အလင်း

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

၂၀၂၅ ခုနှစ်၊ ဧနီနဝါရီ ၄ ရက်၊ စနေနေ့

၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

တိုင်းသူပြည်သားလူအများဟာ ဥမက္ခ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့ သူတွေက ဘယ်လိုတိုက်တိုက်၊ ရှိ့ရှိ့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧနီနဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ခွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့်ကြိုးပမ်းဖော်ဆောင်ရေး။

အချုပ်ပို (ဃ) မှ

အတိတ်သမိုင်း စာမျက်နှာများထက်မှ မှတ်တမ်းများ၊ စာတွေ့များ၊ ကြားဖူးနားဝအကြောင်းအရာများ၊ အစိုးရ၏ ဝါဒဖြန့်ချိ လှုံ့ဆော်မှုများအဖြစ်သာ ရှုမြင်သည့် မျိုးဆက်သစ် အစိတ်အပိုင်းများရှိလာသည်။ အစ္စရေးနိုင်ငံ တည်တံ့ခိုင်မြဲရေးကို မစဉ်းစားဘဲ နိုင်ငံနှင့် လူမျိုးအတွက် အန္တရာယ်ကြီးသည့် လစ်ဘရယ်အတွေးအခေါ်၊ အယူအဆများကို လက်ခံလာကြပြီး နိုင်ငံလုံခြုံရေးအတွက် မဖြစ်မနေ ကျင့်သုံးနေရသည့် မူဝါဒများအပေါ်တွင် ဝေဖန်ဆန့်ကျင်မှုများလည်း ကျူးမျိုးဆက်သစ်များအတွင်း ဖြစ်ပေါ်လာသည်။

အပြောင်းအလဲများ ဖြစ်ပေါ်လာ

သို့ဆိုလျှင် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၇၇ နှစ်ရှိလာပြီဖြစ်သည့် မြန်မာနိုင်ငံ၊ အစ္စရေးနှင့် သက်တမ်းတူဖြစ်သည့် မိမိတို့နိုင်ငံမှ မြန်မာလူကြီးလူငယ် မျိုးဆက်များ၏ နိုင်ငံနှင့် လူမျိုးအပေါ် တန်ဖိုးထားမှုများ အတွေးအခေါ်များသည် မည်သို့နည်း။ စောကြောရန် လိုအပ်လာသည်။ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံ အဖြစ် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြဋ္ဌာန်းပြီးနောက် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားအခွင့်အရေးများ သတ်သတ်မှတ်မှတ် ရရှိလာခြင်း၊ လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းအဖြစ် ရည်မှန်း၍ တံခါးများကို ကျယ်ကျယ်ဖွင့်ပေးလိုက်ခြင်းတို့နှင့်အတူ နိုင်ငံအတွင်း အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။

ရွေးကောက်ခံ ပထမအစိုးရ သက်တမ်းအတွင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု တစ်ဟုန်ထိုး တိုးတက်သွားပြီး လူမှုကွန်ရက်သုံးစွဲမှုများလည်း ကျေးလက်ဒေသတွင် နေထိုင်သူများ၊ အောက်ခြေပြည်သူများအထိ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားခဲ့ရာ ယင်းအခြေအနေကလည်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အပေါ်တွင် သက်ရောက်မှုများစွာ ရှိခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့ဖူးသည့်၊ ရှိခဲ့ဖူးလျှင်လည်း ပေါ်ပေါ်ထင်ထင် လုပ်ခွင့်မရခဲ့သည့် ပြည်ပအထောက်အပံ့ခံ သင်တန်းများ၊ သင်တန်းကျောင်းများ ပေါ်ပေါက်ခဲ့ရာ ယင်းသင်တန်းများ၊ သင်တန်းကျောင်းများမှတစ်ဆင့် သတင်းမီဒီယာ၊ အတတ်ပညာများ၊ လစ်ဘရယ်အယူဝါဒများ စသည်တို့ မြန်မာလူငယ်အစိတ်အပိုင်း အချို့ထံ ရောက်ရှိလာသည်။ အဆိုပါ လူငယ်တို့က "မျိုးချစ်စိတ်ဓာတ်" ဆိုသည်ကို ပုတ်ခတ်လာသည်။ "အမျိုး၊ ဘာသာ၊ သာသနာ" ဆိုသည်ကို အစွန်းရောက်သည်ဟု စွပ်စွဲလာသည်။ အမြင်ကျဉ်းမြောင်းသည့် လူမျိုးရေးအယူစွဲကိုင်ထားသည့် သောင်းကျန်းသူတို့၏ လေသံကို လိုက်ကာ "ဗမာလူမျိုးကြီးဝါဒ" ဆိုသည်ကို အခြေအမြစ်မဲ့ ပြောဆိုလာသည်။ မြန်မာအဖြစ် မွေးဖွားလာခြင်းကပင်လျှင် ကျန်တိုင်းရင်းသားတို့ကို တောင်းပန်ရမည်ဟူ၍ အစွန်းရောက်ပြောသူမျိုးလည်း ထွက်ပေါ်ခဲ့သည်။ ထိုပြင် ဗုဒ္ဓဘာသာကြောင့် တိုင်းပြည်ဆင်းရဲ မွဲတေနေရသည်ဟုဆိုသူများ၊ ဆရာတော်၊ သံဃာတော်ကြီးများကို လုပ်ကြံစွပ်စွဲ ဆဲရေးပုတ်ခတ် စော်ကားမှုများ၊ ဗုဒ္ဓဘာသာ၏ ပုံရိပ်ညှိုးနွမ်းကျဆင်းအောင် ဖန်တီးလုပ်ဆောင်မှုများကိုလည်း လူမှုကွန်ရက်များတွင် မမြင်ချင်တစ်ဆုံးဖြစ်သည်။

ထိုမျှမကသေး "မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်မှာ ဗိုလ်ချုပ်အောင်ဆန်းကြောင့်မဟုတ်၊ အတ္တလန္တိတ်ချာတာကြောင့်"၊ "ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာခေါင်းဆောင်သာဖြစ်တယ်၊ တိုင်းရင်းသားခေါင်းဆောင် မဟုတ်" စသည့် ဥာဏ်ပညာမဲ့ ပြောကြားမှုမျိုးများလည်း လူမှုကွန်ရက်စာမျက်နှာများထက်တွင် ရှိနေသည်။

လိုရာဆွဲပြောကြလျှင် လွဲချော်မည်

အဆိုပါ အတွေးအခေါ် အယူအဆများ၊ စကားလုံး ဝေါဟာရများ၊ အပြောအဆိုများက ဗဟုသုတ မပြည့်စုံ မကြွယ်ဝသူ၊ မြန်မာ့သမိုင်းကို ကောင်းမွန်စွာ မသင်ကြားခဲ့ရသူ၊ စာစုံအောင် မဖတ်သူတို့အတွက် တွေဝေစရာ၊ ယုံမှားစရာ၊ ယိမ်းယိုင်စရာများဖြစ်သည်။ သမိုင်းပါမောက္ခ ဆရာကြီးဒေါက်တာသန်းထွန်း ပြောကြားခဲ့သော **"သမိုင်းကိုသင်တာ မအောင်လို့"** ဟူသော စာပေနယ်တွင် ထင်ရှားသည့် စကားတစ်ခွန်းကို ကိုးကား၍ဆိုရလျှင် မအ, အောင် သမိုင်းကို လေ့လာကြစေချင်သည်။ ယနေ့ဖြစ်ရပ်များသည် အတိတ်သမိုင်းနှင့် ဆက်စပ်၍ ဖြစ်ပေါ်နေခြင်းဖြစ်ရာ ရာဇဝင်ကို အူဖောက်၍ လိုရာဆွဲပြောကြလျှင် လွဲချော်မည်ဖြစ်သည်။ အခြေခံပညာကျောင်းများတွင် သမိုင်းဘာသာကို ဆရာမ သို့မဟုတ်

အချုပ်ပို (ဂ) သို့

၂၀၂၄ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို နေပြည်တော်၌ ကျင်းပစဉ်။

၂၀၂၄ ခုနှစ် ဧပြီလ ၁၄ ရက်က ဂါဇာ၌အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

လွတ်လပ်ရေး မြတ်ပန်းခိုင်

★ ကိုလိုနီအုပ်ကာစိုး
ကြမ္မာဆိုးမြန်မာပြည်၊
ဘက်စုံချို့ မြင်မကောင်း
နှစ်ပေါင်းရာချီ။
ထီးကျိုးကာ နန်းပါပျောက်
ကျွန်သဘောက် ခေတ်ဆိုးဆီ
မှန်းမျှော်ရည် ကြည့်ကြစမ်း၊
ဘိုးဘွားတွေ နွံမှာနစ်
ကျွန်ဖြစ်ဇာတ်လမ်း။

★ ကံဇာတာ ဘယ်မည်ကို
မြန်တန်ခိုး လှုံ့နှိုးဆော်၊
လွတ်လမ်းစဖော်။
အင်္ဂလိပ်အခက်ပေါ်
မြန်ပြည်နော် အချက်ပေ့ါ၊
မျိုးချစ်ဆွေ လက်ချင်းယှက်ပါလို့
သွေးချွေးအသက်ရင်းကာဖြင့်
ရအောင်တာ ပြန်ယူအပ်
လွတ်လပ်ရေးနော့။

★ ယူအဆ တူမမျှ
မူမကျ စိတ်ရှပ်လွှာ၊
ခုချိန်ခါ စွန့်ပယ်အပ်
စိတ်မြတ်စေရာ။
ညှိနှိုင်းအဖြေရှာ
ပန်းကမ္ဘာ ဥယျာဉ်ဖွင့်၊
မေတ္တာဝေ ထိုအေးရိပ်
ချွေးသိပ်ဖို့သင့်။

★ တို့တစ်တွေ ထိန်းသိမ်းပေး
လွတ်လပ်ရေး မြတ်ပန်းခိုင်၊
လန်းလန်းလှိုင်လှိုင်။
ထုံထုံသင်း မွှေးကြိုင်ကြိုင်
ကမ္ဘာတည်တိုင် မြဲစေရေး၊
ဖွံ့ဖြိုးအစီအမံတွေနဲ့
တိုင်းရပ်ဌာန် နယ်တစ်ဝှမ်းမှာလ
သစ်ဆန်း အထွေထွေပေ့ါ၊
နန်းရဝေ လမ်းမြေဖောက်ပါလို့
(အိုကွယ်) လျှောက်လှမ်းကြစို့လေး။ ။

ဖိုလေးလုံးသောင်းကိုကို

အချပ်ပို (၁) မှ

ကျောင်းသား တစ်ယောက်ယောက်က စာအုပ်ထဲမှ ခေါ်ပေးပြီး တစ်တန်းလုံးက ကူးရေးကာ စာကျက်ဖြေဆိုရသည့်စနစ် ရှိသေးလျှင် ပြုပြင်ရမည်။ တက္ကသိုလ်တွင် သမိုင်းဘာသာ အဓိကကို အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းကြောင့်ဟု ဆိုကာ တက်ရောက်လိုသူ ရှားပါးခြင်းတို့ ရှိနေခဲ့လျှင် မိမိတို့နိုင်ငံတွင် "လူ အ" များလာမည်ဖြစ်သည်။

နာမ်ပိုင်းဆိုင်ရာစွမ်းအားတစ်မျိုး

မျိုးချစ်စိတ်ဓာတ်ဟူသည် နိုင်ငံနှင့် လူမျိုးတို့ ကမ္ဘာတည်သရွေ့ အခွန်ရှည် တည်တံ့စေရန် မဖြစ်မနေ စည်းနှောင်ထားအပ်သည့် နာမ်ပိုင်းဆိုင်ရာ စွမ်းအား တစ်မျိုးပင်ဖြစ်ရာ မြန်မာ့ရေ၊ မြန်မာ့မြေတွင် မွေးဖွားကြီးပြင်းလာသူ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တို့သာမက တရုတ်နွယ်ဖွား၊ အိန္ဒိယနွယ်ဖွား၊ အခြားနွယ်ဖွား အားလုံးတို့တွင် "ငါတို့အားလုံးမြန်မာ"ဟူသော စိတ်ဓာတ် ရှင်သန်ထက်မြက်နေဖို့လိုသည်။ ဗိုလ်ချုပ် အောင်ဆန်း ပြောကြားခဲ့သည့် အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းတွင် ပါရှိသော **"ရှေးအခါက လူမျိုးရေး တရားကြောင့် တစ်မျိုးနှင့်တစ်မျိုး ကွဲပြားခြားနားခဲ့ကြပေသည်။ ယခုအခါ၌ လူမျိုးရေး တရား သစ်ကြောင့် တစ်မျိုးနှင့်တစ်မျိုး ရင်းနှီးစုရုံးကြပြန်ပေသည်။ ဤသည်ကို ထောက်ခြင်းအားဖြင့် အမျိုးသားအရေး ကိစ္စ၏ အဓိပ္ပာယ်သည် ခေတ်အား လျော်စွာ ပြုပြင်ပြောင်းလဲလျက်ရှိနေ သည်ကို သိရှိသင့်ကြပေသည်။ တစ်နည်း အားဖြင့်ကြည့်ပြန်မူ မိမိအမျိုးကိုသာ တစ်ဖက်သတ်စိတ်ထားနှင့် ကြီးပွားစေ လိုသောဆန္ဒရှိ၍ ဖက်ဆစ်ဝါဒကြောင့် ဂျာမန်လူမျိုးတို့ ပျက်စီးရပုံကို မြင်ကြ ရပြန်၏။ ဂျာမနီပြည်တွင် ဂျာမန်တို့၏ ပြင်းပြသော မျိုးချစ်စိတ်ကို လမ်းကောင်း သို့မဟုတ် လမ်းမှားသို့ပို့သော ဖက်ဆစ်ဝါဒီ လူစုကြောင့် အတိဒုက္ခရောက်ကြရပေပြီ။ သို့အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝံသာနုစိတ်ကို အလွဲသုံးစားမပြုဘဲလျက် (၀၊) မျိုးချစ်စိတ်ကို အတိဒုက္ခရောက် အောင် အသုံးမပြုဘဲလျက် အမြင် ကျယ်ကျယ်နှင့် သဘောကြီးစွာ ဆောင်ရွက် သင့်ကြပေသည်"** ဟူသော ပြောကြား ချက်နှင့်အညီ "မျိုးချစ်စိတ်ဓာတ်"၊ "အမျိုးသားရေးဝါဒ"၊ "အမျိုး၊ ဘာသာ၊ သာသနာ" စသည်တို့ကို ခေတ်နှင့်အညီ၊ မျက်မှောက်ကာလ ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေတို့နှင့်အညီ အဓိပ္ပာယ် ဖွင့်ဆိုရန် လိုအပ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက် မမှားရန်လည်းလိုသည်။



မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၉ ခုနှစ်က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့ အခမ်းအနားမြင်ကွင်း မှတ်တမ်းဓာတ်ပုံ။

အားလုံးအတွက် အကျိုးဖြစ်ထွန်းနိုင်

အမျိုးသားရေး စိတ်ဓာတ်သည် ရှုကလီယားစွမ်းအင်ကဲ့သို့ပင် ကောင်းစွာအသုံးချပါက လွန်စွာကြီးမားသည့် စွမ်းအင်ဖြစ်သကဲ့သို့ မကောင်းသည့် ဘက်တွင် အသုံးချပါကလည်း အဖျက် စွမ်းအင်ကြီးမားသည်ကို သတိပြုကြရ မည်ဖြစ်သည်။ သို့ဖြစ်ရာ လူမျိုးကြီးဝါဒ၊ လူမျိုးလေးဝါဒကဲ့သို့သော နိုင်ငံနှင့် လူမျိုးကို အကျိုးမဖြစ်ထွန်းစေသည့် အစွဲများကို ခဝါချကာ ဘုံအမျိုးသားရေး စိတ်ဓာတ်ကို ထူထောင်ပြီး ငြိမ်းချမ်းရေး တည်ဆောက်၍ လူမျိုးစုအလိုက် တိုးတက် ဖွံ့ဖြိုးရန် ကြိုးပမ်းကြခြင်းကသာ အားလုံး အတွက် အကျိုးဖြစ်ထွန်းနိုင်သည်။

တစ်ဖက်တွင်လည်း ဒီမိုကရေစီနှင့် အတွဲအစပ်အဖြစ် လစ်ဘရယ်အယူဝါဒ၏ အကောင်းအမြတ်၊ အညွှန်အဖူးများကို သင်ကြားပြသခံရသည့် လူငယ်လူရွယ် တို့အနေဖြင့် သဘောတရားရေးအရ လစ်ဘရယ်သည် လွန်စွာကောင်းမြတ် မှန်ကန်သည်ဟုဆိုလျှင် သဘောတရား ရေးအရ ကွန်မြူနစ်ဝါဒသည်လည်း လွန်စွာ ကောင်းမြတ်မှန်ကန်သည်ဟု သိကြရန်လိုသည်။ ထို့ပြင် လစ်ဘရယ် အယူဝါဒအပေါ် စိတ်အားထက်သန်ခဲကြ သည့် နိုင်ငံများတွင်လည်း နိုင်ငံအလိုက် ဖြစ်ပေါ်လာသည့် ပကတိအရှိတရား အခြေအနေများအရ လစ်ဘရယ်အပေါ် စိတ်အားထက်သန်မှုများ လျော့ကျလာ ခြင်းကိုလည်း မျက်ခြည်မပြတ်ကြဖို့ လိုသည်။ လစ်ဘရယ်သည် လူသားဝါဒ တစ်ရပ်အဖြစ် ကောင်းပင်ကောင်းသော်ငြား ယင်းအပေါ် အသုံးချ၍ အခွင့်အရေး ယူလာကြသောအခါ၊ နိုင်ငံကို ထိပါးလာ သည့်အခါ၊ အမျိုးသားရေးဝါဒဆီသို့ နောက်ပြန် လျှောကျလာခြင်းပင် ဖြစ်သည်။

အကျိုးစီးပွားဖြစ်ထွန်းနိုင်မှသာ

အနီးဆုံးသာဓကအနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် ထရမ့်တစ်ကျော့ ပြန်အာဏာရလာခြင်းက လက်တွေ့ ဘဝတွင် သက်တမ်းရင့်ဒီမိုကရေစီ အင်အားကြီး နိုင်ငံကြီး၌ပင်လျှင် လစ်ဘရယ်၏ ဆွဲဝင်အား လျော့ပါးလာခြင်းကို ပြဆိုနေ သည်။ သင်ခန်းစာအနေဖြင့် မည်သို့သော အယူဝါဒကိုမဆို၊ ကိုယ့်ရေ၊ ကိုယ့်မြေ ပကတိအခြေအနေနှင့် ကိုက်ညီပြီး အကျိုးစီးပွား ဖြစ်ထွန်းနိုင်မှသာ အသုံး ပြုနိုင်ခြင်းဖြစ်သည်ဟု ကောက်ချက်ချ ရန်ဖြစ်သည်။

ကမ္ဘာ့မြေပုံပေါ်တွင် သေးသေးယပ် ယပ်ကလေးဖြစ်သည့် မိမိတို့၏ အမြေ သည် နယ်ချဲ့တို့၏ သိမ်းပိုက်မှုမှ လွတ် မြောက်ခဲ့သည်မှာ ၇၇ နှစ် ကြာမြင့်ခဲ့ဖြင့်ပြီ ဖြစ်သည်။ ဥာဏ်ကြီးရှင်နယ်ချဲ့သည် ကမ္ဘာ တစ်လွှားရှိ တစ်ရာ့တစ်ပါးသော လူမျိုး များ၊ နိုင်ငံများကို ၎င်း၏အင်ပါယာအတွင်း သွတ်သွင်းခဲ့ရာတွင် လက်အောက်ခံ ကျွန်နိုင်ငံသားအချင်းချင်း မတည့်ရန်စောင့် ဖြစ်နေစေရန်အတွက် လူမျိုးရေးအရ ခွဲခြမ်းသည့် နည်းလမ်း၊ လူများစု၊ လူနည်းစုအရ ခွဲခြမ်းသည့်နည်းလမ်း၊ ဘာသာရေးအရ ခွဲခြမ်းသည့်နည်းလမ်း၊ အခွင့်အရေး မတူညီအောင်ပေးသည့် နည်းလမ်း၊ ဘာသာ စာပေ ယဉ်ကျေးမှု သွတ်သွင်းသည့်နည်းလမ်း စသည်ဖြင့်၊ ပရိယာယ်ပေါင်းများစွာဖြင့် ဖိနှိပ်အုပ်ချုပ် ခဲ့ခြင်းဖြစ်သည်။ ၎င်းနိုင်ငံများကို မဖြစ် မနေ လွတ်လပ်ရေးပေးရတော့မည့် အချိန်တွင်လည်း ပြဿနာများကိုပါ တစ်ပါတည်း ထည့်သွင်းပေးလိုက်ခြင်း ဖြစ်ရာ ပဒေသရာဇီနိုင်ငံဘဝမှ နယ်ချဲ့ လက်အောက်သို့ ကျရောက်ခဲ့ပြီး တောင် ပေါ်နှင့် မြေပြန့်အကြား တန်းတူ ဖွံ့ဖြိုးခွင့် မရခဲ့သည့် မိမိတို့နိုင်ငံ၊ တိုင်းရင်းသား လူမျိုးများစွာ နေထိုင်ကြသည့် မိမိတို့နိုင်ငံ တွင် လူမျိုးစုအရေး၊ အယူဝါဒအရေး၊ ဘာသာရေး စသည့်ခေါင်းစဉ်အမျိုးမျိုးဖြင့် ဖြေရှင်းစရာ ပြဿနာများစွာတို့ ထွေးလုံး ရစ်ပတ်နေခဲ့သည်။ သေးသေးယပ်ယပ် နိုင်ငံကလေး ပြိုကွဲမသွားစေရန် ဤမြေ ပေါ်တွင် နေထိုင်သူများက ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ကြသလိုပင်၊ အဖျက်အုပ်စုတို့ကလည်း နိုင်ငံသေးသေး ကို ထပ်မံစိတ်ပိုင်းရန်၊ ဖဲ့ထုတ်ရန် ခေတ်အဆက်ဆက်တွင် အားထုတ် ခဲ့ကြသည်။

တောမီးပမာလိုက်လံဖြိမ်းသတ်နေရ

လွတ်လပ်ရေးရပြီးနောက် ၇၇ နှစ် ကြာမြင့်လာပြီးချိန်တွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်မလာနိုင်သေး။ အရေးပေါ်ကာလ အခြေအနေတစ်ရပ်ကို ဖြတ်သန်းကာ နိုင်ငံ၏ အစိတ်အပိုင်း အများအပြားတွင် ဖြစ်ပေါ်နေသည့် မတည်ငြိမ် မအေးချမ်း မှုများကို တောမီးပမာ လိုက်လံဖြိမ်းသတ် နေရသည်။ ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းတွင် မိမိတို့ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အခြေအနေများက နိုင်ငံ နှင့် ပြည်သူတို့အတွက် အန္တရာယ်ကြီး သည်။ ငြင်းခုံမှုများ၊ တိုက်ခိုက်မှုများ၊ ဆူပူ သောင်းကျန်းမှုများ မိမိတို့နိုင်ငံအတွင်း ဆူပွက်နေစဉ်မှာ ကမ္ဘာကြီးက ရှေ့သို့ တစ်ဟုန်ထိုး သွားနေသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးပြု ရမည့် လူသားအရင်းအမြစ်များ၊ ရုပ်ဝတ္ထု သယံဇာတ အရင်းအမြစ်များ၊ ငွေကြေး အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု၊ တည် ဆောက်ပြီးသား အခြေခံအဆောက်အအုံ များ ပျက်စီးဆုံးရှုံးမှုတို့ကို မိမိတို့ရင်ဆိုင် ကြုံတွေ့နေကြရပြီဖြစ်ရာ ထို့ထက်ပို၍ အမျိုးသားရေးစိတ်ဓာတ် ပျက်စီး ပျောက်ကွယ် ဆုံးရှုံးမှုကို မဖြစ်စေလိုပါ။ သေနတ်မကိုင်ဘဲ ကွန်ပျူတာကိုပဲ ကိုင်ချင် တယ်ဆိုသော လူငယ်တို့၏ ဆန္ဒ၊ မငြိမ်းချမ်းလို့ မဖြစ်ဘူးဆိုသော လူငယ် တို့၏ ရှေ့လင့်ချက်တို့ကို ဆက်လက် ရှင်သန်နေစေလိုသည်။

မိမိတို့၏ အတိတ်သမိုင်းသည် ဂုဏ်ယူဝင့်ကြွားဖွယ်ရာများနှင့် ကြီးကျယ် ခမ်းနားနေခဲ့သလို လွမ်းမောတသဖွယ်ရာ များ၊ နာကြည်းကြေကွဲစရာများလည်း ရှိနေသည်။ ထို့ပြင် ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲနေသည့် တစ်ပိုင်းတစ်စ မှန်ကူ ကွက်များထဲမှာ သင်ခန်းစာယူစရာများ လည်းရှိနေသည်ကို ရှာဖွေကြည့်လျှင် တွေ့နိုင်ပါသည်။ ။

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

သမိုင်းမှ တစ်ပိုင်းတစ်စ မှန်ကူကွက်များ

သိဃ်သူ

ရှေးအခါက လူမျိုးရေးတရားကြောင့် တစ်မျိုးနှင့်တစ်မျိုး ကွဲပြားခြားနားခဲ့ကြပေသည်။ ယခုအခါ၌ လူမျိုးရေးတရားသစ်ကြောင့် တစ်မျိုးနှင့်တစ်မျိုး ရင်းနှီးစုရုံးကြပြန်ပေသည်။ ဤသည်ကိုထောက်ခြင်းအားဖြင့် အမျိုးသားအရေးကိစ္စ၏ အဓိဟ္ဟယ်သည် ခေတ်အားလျော်စွာ ပြုပြင်ပြောင်းလဲလျက်ရှိနေသည်ကို သိရှိသင့်ကြပေသည်။ တစ်နည်းအားဖြင့်ကြည့်ပြန်မူ မိမိအမျိုးကိုသာ တစ်ဖက်သတ်စိတ်ထားနှင့် ကြီးဟွားစေလိုသောဆန္ဒရှိ၍ ဖက်ဆစ်ဝါဒကြောင့် ဂျာမန်လူမျိုးတို့ ပျက်စီးရပုံကိုမြင်ကြရပြန်၏။ ဂျာမနီပြည်တွင် ဂျာမန်တို့၏ ပြင်းပြသောမျိုးချစ်စိတ်ကိုလမ်းကောင်းသို့မပို့ဘဲ လမ်းမှားသို့ပို့သော ဖက်ဆစ်ဝါဒီလူစုကြောင့် အတိဒုက္ခရောက်ကြရပေပြီ။ သို့အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝံသာနုစိတ်ကိုအလွဲသုံးစားမပြုဘဲလျက် (ဝါ) မျိုးချစ်စိတ်ကို အတိဒုက္ခရောက်အောင် အသုံးမပြုဘဲလျက် အမြင်ကျယ်ကျယ်နှင့် သဘောကြီးစွာ ဆောင်ရွက်သင့်ကြပေသည်

ကြီးမားပြင်းထန်သည့် ပေါက်ကွဲမှုကြီးဖြစ်ပေါ်ပြီး အထပ်မြင့် ကွန်ကရစ် အဆောက်အအုံအချို့ မြေပေါ်သို့ဗုန်းဗုန်းလဲပြိုကျသွားသည့်မြင်ကွင်း။ ထို့နောက် သွေးအလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်း ကပ်နေသည့် ကလေးငယ်တစ်ဦး၏ ရုပ်အလောင်းကို ပွေ့ချီကာ ဆောက်တည်ရာမရ အော်ဟစ်ပြေးလွှားနေသည့် ဖခင်တစ်ဦး။ တောင်ပုံရာပုံ အဆောက်အအုံအပျက်အစီးများ၊ မီးခိုးတအူအူကြားမှ ကယ်ဆယ်ရေးလုပ်သားများနှင့် အရေးပေါ်လူနာတင်ယာဉ်များ။ မြင်ကွင်းအားလုံးသည် ထိုအချိန် ထိုနေရာတွင် ကမ္ဘာငယ်တစ်ခုပျက်နေသည့် မြင်ကွင်းမျိုးပင်ဖြစ်ပြီး ကမ္ဘာ့သတင်းများတွင် မကြာမကြာ တွေ့ရတတ်သည့် အစ္စရေးနှင့် ဟားမားစ်တို့၏ ပဋိပက္ခ၊ တစ်နည်းအားဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ မဆုံးနိုင်သော စစ်ပွဲမှ မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ပြန်၍လက်ညှိုးထိုးပြစရာရှိ

အင်အား အလွန်အကျွံသုံးပြီး ပါလက်စတိုင်းတို့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည့် အစ္စရေးတို့၏ ရက်စက်မှုကို အပြစ်ဆိုမည်ဆိုလျှင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် အစ္စရေး၏ နယ်နိမိတ်စည်းရိုးများကို ဖြိုဖျက်ဖောက်ထွင်း၍ လည်းကောင်း၊ ဂလိုက်ဒါ လေယာဉ်ငယ်များဖြင့် မိုးပေါ်မှ ကျော်လွှား၍လည်းကောင်း ကျူးကျော်ဝင်ရောက်ကာ စစ်ဘက်၊ အရပ်ဘက်ဟူ၍ ပစ်မှတ်မခွဲခြားဘဲ မြင်သမျှအားလုံးတို့ကို ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ခဲ့ပြီး ဓားစာခံများပါ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ဟားမားစ်တို့၏ ရက်စက်မှုများကိုလည်း အစ္စရေးက ပြန်၍လက်ညှိုးထိုးပြစရာရှိနေသည်။

အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခသည် နှစ်ပေါင်းထောင်ချီကြာမြင့်စွာ သမိုင်းကြောင်းရှည်လျားသည့် ပဋိပက္ခသံသရာဖြစ်သည်။ မိမိတို့မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သည့် ၁၉၄၈ ခုနှစ်သည် အစ္စရေးနိုင်ငံ စတင်ထူထောင်သည့် နှစ်ပင်ဖြစ်ရာ နိုင်ငံမဲ့လူမျိုးများ ဘဝဖြင့် ကမ္ဘာအရပ်ရပ်တွင် ပြန့်ကျဲနေထိုင်ခဲ့ကြရပြီး အနှိမ်ခံခဲ့ကြရသည့် ဂျူးလူမျိုး၏ နိုင်ငံပိုင်နက် နယ်နိမိတ် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး အတွက် မိန်းကလေးများပါမကျန် လက်နက်စွဲကိုင် ကာကွယ်စောင့်ရှောက်ခဲ့ကြရပုံများနှင့် တစ်ဖက်တွင်လည်း နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ စည်းလုံးညီညွတ်မှုအင်အား၊ ဓနအင်အားနှင့် ကာကွယ်ရေးစွမ်းပကားတို့ မြင့်မားအောင် ပိုင်းဝန်းတည်ဆောက်ခဲ့ကြရပုံများမှာ မိမိတို့အဖို့ အတုယူဖွယ်၊ သင်ခန်းစာယူဖွယ်များပင်ဖြစ်သည်။

အသက်သွေးချွေးများစွာဖြင့် ရယူခဲ့

သို့ရာတွင် နိုင်ငံထူထောင်မှုသက်တမ်းတစ်စတစ်စ ကြာမြင့်လာသည်နှင့်အမျှ အစ္စရေးလူကြီးနှင့် လူငယ်မျိုးဆက်တို့အကြား အတွေးအခေါ်၊ အယူအဆ၊ ခံစားချက်၊ ခံယူချက်တို့ တဖြည်းဖြည်း ကွာဟလာသည်။ နိုင်ငံမဲ့လူမျိုးများဘဝဖြင့် ကမ္ဘာ့နိုင်ငံများတွင် နေထိုင်ခဲ့ရသည့် နှစ်ကာလများ၊ အစ္စရေးနိုင်ငံထူထောင်စအိမ်နီးချင်းနိုင်ငံအားလုံးက ရန်သူနိုင်ငံများအဖြစ်နှင့် ဂျူးလူမျိုးတစ်ယောက်မကျန် မြေထဲပင်လယ်ထဲသို့ မောင်းချပြီး နိုင်ငံကို ကမ္ဘာ့မြေပုံပေါ်မှ အပြီးတိုင် ဖယ်ရှားပစ်ရန် ဒေါသတကြီး ကြုံးဝါးခဲ့ကြချိန်၊ အစ္စရေး၏ ပိုင်နက်မြေ တစ်ပေချင်းစီတိုင်းကို အစ္စရေးလူမျိုးတို့၏ အသက်သွေးချွေးများစွာဖြင့် ရင်းနှီးရယူခဲ့ကြရပုံများ စသည်တို့မှာ နှောင်းခေတ် အစ္စရေးလူငယ်တို့အဖို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ ခံစားချက်များ မဟုတ်တော့။

အချပ်ပို (ခ) သို့